ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့ (10-10-2010) (၆၃၄၇)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖီဂျီကျွန်းသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော်　　အောက်တိုဘာ　　၁၀

**၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သော ဖီဂျီကျွန်းသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖီဂျီကျွန်းသမ္မတနိုင်ငံ သမ္မတ Mr.Ratu Epeli Nailatikau,LVO,OBE, MSD, OSTJ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

(သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖီဂျီကျွန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော်　　အောက်တိုဘာ　　၁၀**

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သော ဖီဂျီကျွန်းသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဖီဂျီကျွန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ် Commodore Josala V. Bainimarama ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)



# ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ဆင်ဖြူကျွန်းရထားလမ်းပိုင်း ဖွင့်လှစ် ဆိပ်ဖြူနှင့် ဆင်ဖြူကျွန်းအကြား ခရီးသည်နှင့် ကုန်စည်များ စရိတ်သက်သက်သာသာဖြင့် သွားလာပို့ဆောင်နိုင်မည်

နေပြည်တော်　　အောက်တိုဘာ　　၉

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသည့် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ရှိ ဆိပ်ဖြူဘူတာအနီး မဏ်လာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်၍ အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့❖



ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၀-၁၀-၂၀၁၀
(တနင်္ဂနွေနေ့)

# ဗဟုသုတရှာမှီးရာ စာကြည့်တိုက်များ ပွံ့ဖြိုးဝေဆာ

စာပေသည် အသိပညာ အလိမ္မာကို ပေးစွမ်းနိုင်သည်။ စာပေသင်ယူခြင်း၊ စာတတ်မြောက်ခြင်း၊ စာပေဗဟုသုတ လေ့လာဆည်းပူးခြင်းတို့ကို အစဉ်တစိုက် ကျင့်သုံးနေကြသည်။ စာတတ်မြောက်ခြင်းသည် ဘဝလူနေမှုအဆင့်အတန်းကိုသာမက မိသားစု၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းအတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးသက်ရောက်မှု အသီးအပွင့်များကိုပါ ရရှိလာနိုင်ပေသည်။

နိုင်ငံတော်အစိုးရက အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စာပေလေ့လာသင်ယူနိုင်ရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးပေးနေသည်။ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင် သင်ယူပညာရေးနည်းလမ်းများ ဖော်ဆောင်ပေးနေပြီ။ ကျောင်းနေအရွယ်လွန်ကလေးများ၊ လူငယ်များနှင့် သက်ကြီးများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်မှုကြောင့် သက်ကြီးစာတတ်မြောက်မှုနှုန်း တိုးတက်လာလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းအားထုတ်နိုင်မှုကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်း ၉၄ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့ပြီ။ စာတတ်မြောက်ပြီးသူတိုင်း စာဖတ်သည့်အလေ့အထ စွဲမြဲလာရေး၊ စာဖတ်ရှိန်မြှင့်တင်နိုင်ရေး စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ငါးသောင်းကျော် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မကြာသေးမီက စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်တို့အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထပ်မံဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအားထုတ်မှုဖြင့် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နေကြဆဲဖြစ်သည်။ စာကြည့်တိုက်အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင်၊ စာကြည့်တိုက်မှူးများ ပြည့်စုံနေစေရေး၊ စာကြည့်တိုက်များ ရေရှည်ခိုင်မာ ရှင်သန်ဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

ကျေးလက်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားရာ ပြည်သူများ စာပေလေ့လာဖတ်ရှုကြခြင်းဖြင့် အသိပညာ ဗဟုသုတများ ပိုမိုရရှိလာနိုင်ကြမည်ဖြစ်သည်။ စာပေဖတ်ရှုလိုသူများ၊ သက်ကြီးစာတတ်မြောက်သူများ၏ စာဖတ်ရှိန် မြင့်မားလာမည်ဖြစ်သည်။ စာတတ်မြောက်ရေးသည် စာဖတ်တတ်ရန်သာ မဟုတ်တော့ဘဲ ကမ္ဘာ့ရေးရာ ဗဟုသုတအဖြာဖြာကိုပါ လေ့လာသိရှိ တွေးခေါ်မြော်မြင်နိုင်မည်ဖြစ်သည်။

နိုင်ငံ၏ စာတတ်မြောက်မှုနှုန်း တိုးတက်လာနေပြီ။ စာတတ်မြောက်ပြီးသူများ တတ်ပြီးသည့်စာ မမေ့ရေး အရေးကြီးသည်။ စာပေဆက်လက်ဖတ်ရှုစေရေး၊ စာဖတ်ရှိန် မြှင့်တင်ရေး ကြိုးပမ်းကြရဦးမည်။ လက်လှမ်းတမီ စာပေလေ့လာနိုင်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးပွားဝေဖြာလျက်ရှိရာ ကျေးလက်ပြည်သူများ၏ အသိပညာ ဗဟုသုတ အတွေးအခေါ်များ ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ဗထူးတပ်နယ်၊ ဟဲဟိုးတပ်နယ်နှင့် အောင်ပန်းတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဗထူးတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။**

ထို့နောက် ဟဲဟိုးတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ ချီးမြှင့်လက်ဆောင်ပစ္စည်းများပေးအပ်သည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အောင်ပန်းတပ်နယ်ဆေးရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက ဆေးရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် အောင်ပန်းတပ်နယ်ခန်းမ၌ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ ချီးမြှင့်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### အားပေးစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် အောင်ပန်းတပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

**တာမွေမြို့နယ် မအူကုန်းရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စက်တင်ဘာ ၂၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ကြီးကြပ်၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်း၊ အဖွဲ့ဝင် ဦးအောင်မျိုးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ နေအိမ်တိုင်းရှိ ရေစည်၊ ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်စဉ်။** (ကြေးမုံ)



# မီးသတ်ညွှန်ချုပ် ထန်းတပင်မြို့နယ် အရန်မီးသတ်စခန်းနှင့် လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံ စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ထန်းတပင်မြို့နယ် အရန်မီးသတ်စခန်းသို့ရောက်ရှိရာ မီးသတ်စခန်းတာဝန်ခံက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၊ မီးလောင်ပြင်သို့ မြန်မြန်ရောက်၊ မီးကို မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် အစီအမံများ ပြုလုပ်ဆောင်ရွက်ထားရှိကြရန်နှင့် မီးလောင်မှုကို မြန်မြန်သိနိုင်ရေးအတွက် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး တည်ဆောက်ထားရှိရန်၊ ယာဉ်/ စက်အသင့်၊ လူအသင့်၊ ရေအသင့်၊ ဆီအသင့် ရှိနေစေရေးအတွက် ဆောင်ရွက်ထားကြရန်၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်အား အမြဲထိန်းသိမ်းထားရန်တို့ကို အကျယ်တဝင့်မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ထန်းတပင်မီးသတ်စခန်းသစ်ဆောက်လုပ်မည့် မြေနေရာကို သွားရောက်စစ်ဆေးပြီး လှိုင်သာယာစက်မှုဇုန်ရှိ ရွှေရွက်လှေ အထည်ချုပ်စက်ရုံတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး စီမံဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တမူးခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိန်ထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမနားလန်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ်ဥပဒေအရာရှိ ဦးဇမ်ခင်းမန်နှင့် ဦးလားလ်ရိုခူးငါ တို့သည် အောက်တိုဘာ ၆ ရက်တွင် ခမ်းပါတ်မြို့ပေါ်ရပ်ကွက်များ၊ ကနန်ကျေးရွာအုပ်စုနှင့် ကျွန်းတောရေရှင်ကျေးရွာအုပ်စုတို့သို့ ကွင်းဆင်း၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မဲရုံအသီးသီး၏ မဲစာရင်းများတွင် မဲပေးနိုင်သူ မကျန်အောင် မဲစာရင်းစနစ်တကျဖြစ်ရေး ညှိနှိုင်းဆွေးနွေးကြပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် မဲရုံအဖြစ်အသုံးပြုရန် ရွေးချယ် သတ်မှတ်ထားသည့်နေရာနှင့် လုံခြုံမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စက်တင်ဘာ ၁၄ ရက်က ပန်းတနော်မြို့နယ် အား/ကာကော်မတီ၏ ဦးဆောင်မှုဖြင့် ကျင်းပသော စစ်တုရင်(အလွတ်တန်း)ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ် အား/ကာ ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်း ပထမဆုရရှိသော မောင်သက်ပိုင်အား ဆုချီးမြှင့်စဉ်။** (မြို့နယ်ပြန်/ဆက်)

# News Watch (စောင့်ကြည့်)သတင်းဂျာနယ် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၉**

အသည်းကင်ဆာ လူနာများအား စင်ကာပူ၌ အခမဲ့ကုသပေးမည်၊ ဘိုကလေးမြို့ ရာသီဥတုပုံမှန်ရှိနေဆဲ၊ ကဒုံကနီ-အမာ ပုံမှန်ထက် အောက်ရေတိုး၊ ရေကြောင်းအပျော်ခရီးထွက်ရန်ပြည်တွင်းရေကြောင်းသင်္ဘောများငှားရမ်းမည်၊ မလေးရှား လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့လို၊ ကလောမြို့တွင် မိုးသည်း၊ မိုးကြိုးပစ်၊ ရတနာပုံစူပါစင်တာဆိုင်ခန်းများ အောက်တိုဘာ နောက်ဆုံးပတ် ဖွင့်လှစ်မည်၊ ဆူးလေစေတီတော်သို့ နိုင်ငံခြားသား ဧည့်ဝင်ရောက်မှုလျော့နည်း၊ သက်ကြီးနာမကျန်း သင်္ဘောသားများအား ထောက်ပံ့ကြေးပေးအပ်၊ မူဆယ်-ကျောက်ဖြူရထားလမ်းဖောက်လုပ်မည်၊ မြန်မာ့ရော်ဘာ တရုတ်ပြည် အဓိကတင်ပို့၊ မြိတ်မြို့မှ ထိုင်းနိုင်ငံမောလောင်သို့ သွားသော ယာဉ်လမ်းပိုင်းပြုပြင်ရန်စီစဉ်၊ ကမ္ဘာလှည့်ခရီးသည်အများစု မန္တလေးတိုင်းဒေသကြီးကို စိတ်ဝင်စား၊ အမေရိကန်တက္ကသိုလ် ဆေးပညာမဟာဘွဲ့ မြန်မာနိုင်ငံမှ လေ့လာသင်ယူနိုင်တော့မည်၊ နည်းပညာတတ် လူငယ်အချို့ နေ့တွက်နှုန်းဖြင့် လုပ်ငန်းခွင်ဝင်နေကြရ၊ ကလေးမြို့ ကြက်မွေးမြူရေး လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ပေး၊ ရန်ကုန်-ဖျာပုံ ခရီးသည်တင် မင်းလှသင်္ဘောပြန်လည်ပြေးဆွဲမည်၊ ခြောက်လအတွင်း ရေထွက်ကုန်တင်ပို့မှု ကန်ဒေါ်လာသန်း ၂၀၀ကျော်ရရှိ၊ ငါးမြစ်ချင်း ပြည်ပတင်ပို့မှု ရပ်ဆိုင်းထားရာမှ ပြန်လည်တင်ပို့၊ မြန်မာ-လာအိုနယ်ခြားကော်မတီ ဖွဲ့စည်းမည်၊ ဆရာဒဂုန်တာရာ ရန်ကုန်သို့လာတော့မည်၊ ကဗျာဆရာမောင်ရန်ပိုင်၏ စိတ်ယဉ်ကျေးမှု အခမ်းအနားကျင်းပ၊ လုပ်ချင်တာထက် လုပ်နိုင်တာကိုပဲလုပ်မယ်ဆိုတဲ့ ချစ်စနိုးဦး၊ မွေးနေ့အမှတ်တရ ကျောင်းရေစက်ချတဲ့ ဟိန်းဝေယံရဲ့အလှူ၊ ဆားမလောက်-မအူပင်လမ်းပိုင်း၌ ဆန်တင်ယာဉ်တစ်စီးတိမ်းမှောက်၊ အကျင့်ပျက်ဧည့်လမ်းညွှန်တချို့ကြောင့် လုပ်ငန်းဂုဏ်သိက္ခာထိခိုက်၊ ရန်ကုန်မြို့လယ် မဟာဗန္ဓုလပန်းခြံ လမ်းပျက်စီး၊ ကုန်တန်ချိန်လျှော့တင်ဆောင်နေရသော်လည်း ယာဉ်ပိုင်ရှင်များ ဝင်ငွေကောင်း၊ HIV ဝေဒနာရှင်အသစ်များ လက်ခံပေးသွားမည်ဟူသော သတင်းများထွက်ပေါ်၊ အိုဘားမား၏ စစ်ရေးအသုံးစရိတ်အဆုံးသတ်ရန် ကန့်ကွက်ဆန္ဒပြ၊ ကမ္ဘာ့ပထမဆုံး နှလုံးတု ၁၅နှစ်သား အီတလီကလေး၌ တပ်ဆင်၊ ချီလီသတ္တုတွင်း လုပ်သားများကို အောက်တိုဘာ ၁၇ရက်မတိုင်မီ ကယ်တင်နိုင်မည်၊ ပါကစ္စတန်တွင် အမေရိကန်ဒုံးကျည်ထိမှန်ပြီး ဂျာမန်စစ်သွေးကြွရှစ်ဦးသေဆုံး၊ အိုင်းရစ်လူမျိုး နိုဘယ်လ်ဆုရှင် အစ္စရေး ပြည်ဝင်ခွင့်ပိတ်ခံရ၊ သက်ပြင်း(ရမည်းသင်း)၊ မောင်သန်းဆွေ(ထားဝယ်)၊ ဒေါက်တာအောင်ခင်ဆင့်၊ မောင်သာဒိုး၊ ထွဋ်ဝင်းထွဋ်၊ ရွှေစင်ကိုကို၊ အေးမောင်ကျော်တို့၏ ဆောင်းပါးများ၊ ကမ္ဘာ့အရေး မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိလာပြီ ဖြစ်သည်။ (သတင်းစဉ်)

# ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် စာအုပ်လှူဒါန်းပွဲ ကျင်းပ ဝန်ကြီး ဦးကျော်ဆန်း သုတ၊ ရသ စာအုပ်များလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၉

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်၌ ကျင်းပသည့် စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်၍ စာအုပ်များလှူဒါန်းသည်။**

အခမ်းအနားသို့ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာသင်ဆုရွေးချယ်ရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**သုတ၊ ရသ စာအုပ်လှူဒါန်း**

ရှေးဦးစွာ ဝန်ကြီးက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် ၅၀၀ ကိုလှူဒါန်းရာ စာကြည့်တိုက်ကော်မတီအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဆွေက လက်ခံသည်။

ထို့နောက် ဝန်ကြီးက စာကြည့်တိုက်ရန်ပုံငွေ တိုးတက်ရေးနှင့်စာပေဆု၊ ပညာသင်ဆု ရွေးချယ်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးရာ ကော်မတီ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဆွေက ပြန်လည်ဆွေးနွေးပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသည့် စာကြည့်တိုက်အမှုဆောင်အဖွဲ့ဝင်များ၊ ဆုရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**အစဉ်ထိတွေ့ပြန်ကြား**

ဆက်လက်၍ ဝန်ကြီး ဦးကျော်ဆန်းသည် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ပြန်ကြားရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ် တို့မှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး၊ ကျေးရွာတိုင်းသို့ သတင်းစာ အနည်းဆုံးတစ်စောင်ရောက်ရှိ ဖတ်ရှုနိုင်စေရေး၊ ပြည်သူလူထုနှင့် အစဉ်ထိတွေ့ပြန်ကြား၊ ပညာပေးရေးဆိုင်ရာများ မှာကြားခဲ့သည်။ (သတင်းစဉ်)

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်၌ ကျင်းပသည့် စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**ပေးအပ်လှူဒါန်း**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)





## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၉) ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၉**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၉) တွင် "ဝါကျွတ်ရင်ကွယ် မင်္ဂလာဆောင်မယ်၊ သူတို့ရွှေလက်တွဲတော့မည်၊ သဘော်ပေါ်မှာ မင်္ဂလာဆောင်မယ်၊ သီတင်းကျွတ်မှာ ခရီးသွားမယ်၊ ကန်တော့မယ်. . . . . မီးထွန်းမယ်. . . သီတင်းကျွတ်မှာကွယ်၊ မင်္ဂလာရက်မြတ်ချိန်ခါ" သီတင်းကျွတ်အထူးကဏ္ဍများနှင့်အတူ နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးဖွင့်မည်၊ MRTV Channel 9 ရုပ်သံလိုင်းသစ်မကြာမီလာမည်၊ မူဆယ်-ကျောက်ဖြူ ရထားလမ်းဖောက်လုပ်၊ သိန်း ၅၀၀ ကံထူးတဲ့ ကိုးလသားလေး၊ လပွတ္တာတွင် စက်လှေနစ် ၁၉ ဦးသေ သုံးဦးပျောက်ဆုံး ၅၇ ဦးအသက်ရှင်လျက် ကယ်ဆယ်ရရှိ၊ ကမ်းခြေဟိုတယ်များ လိုက်နာရမည့် စည်းကမ်းချက်များ မကြာမီထုတ်ပြန်ရန်ရှိ၊ အထူးနှင့်ရိုးရိုး ပါရမီက မျှတစွာပြေးဆွဲမည် စသည့် ပြည်တွင်းရေးရာသတင်းများ၊ ရွှေလက်တွဲမယ်ဆိုရင်၊ သီတင်းကျွတ်ရင် မိန်းမယူဖို့သေချာပြီလား၊ သီတင်းကျွတ်ပွဲတော်နှင့် ရခိုင်ဓလေ့၊ ရာသီဥတုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ မထိခိုက်အောင် ကြိုတင်ပြင်ဆင်ထားဖို့လိုပြီ၊ စိတ်ဝင်စားဖွယ်အမြင့်မြို့ဟောင်း၊ Party Talk၊ သူတို့ဘယ်မှာ အရွေးခံကြမလဲ Political View ကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"အမေရိကန်ပြည်ထောင်စုရဲ့ စနစ်က ဒူပေနာပေခံနိုင်စွမ်းရှိတယ်" အမေရိကန် လက်ထောက် ကာကွယ်ရေးဝန်ကြီး ဟောင်း ပေါလ်ဝိုလ်ဖိုဝစ်နှင့် STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ သီရိလင်္ကာလက်ဖက်ခင်းရှိရာ အလည်တစ်ခေါက်၊ ကမ္ဘာ့မြစ်ကြီးများ ဘေးသင့်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရ၊ အယ်လ်ခိုင်ဒါတို့က ဥရောပမြို့များတွင် အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်၊ လူသားတို့ အခြေချနေနိုင်ဖွယ်ရှိသည့် ဂြိုဟ်သစ်တစ်ခုတွေ့ရှိ၊ အသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်၊ ခြေနှစ်ချောင်းနဲ့ လမ်းလျှောက်နေတဲ့ ဝက်ကလေး၊ ကူးစက်မြန်မျက်စိနာဝေဒနာ၊ ဆော်ဒီမင်းသား၏ လူသတ်မှုဆက်လက်စစ်ဆေး၊ တူမအရင်းကိုတောင် ချမ်းသာမပေးတဲ့ ဦးလေး ထောင်ထဲမှာ တစ်သက်တာ တစ်ဘဝ ပြစ်ဒဏ်ကျခံရတော့မည်၊ အာဖဂန်နစ္စတန်မှ မျိုးဆက်သစ်များ နိုင်ငံမှစွန့်ခွာမည့်အရေး သမ္မတကာဇိုင်း ပူပန်၊ အမေရိကန်၏ ဥပဒေမူကြမ်း အပေါ် တရုတ်အစိုးရ၏ တုံ့ပြန်မှု နှိုင်းနှိုင်းချိန်ချိန်ရှိ၊ တရုတ်က အာဆီယံနှင့် ပိုမိုခိုင်မာသော သဘောတူညီမှုပြုရန် ကြိုးပမ်း၊ အီရန်က ပျံသန်းနိုင်သော ရေယာဉ်များထုတ်၊ စင်ကာပူတွင် ကျား သားရေနှင့် တောရိုင်းတိရစ္ဆာန် တရား မဝင်ရောင်းချမှုကို စစ်ဆေးရေးတစ်ရပ် ဆင်နွှဲ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာ တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဗုဒ္ဓမြတ်စွာရတနာ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တရိန္ဒာဘိဝံသ)
၆း၄၅ ဖူးရောက်စေချင်သည် ဗန္ဓိသေလာဆံတော်ရှင် စေတီတော်ကြီးဆီ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆)**
၈း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မိုးညအိပ်မက်မြူ"
၉း၁၀ အစွမ်းထက်မြက်. . . မြန်မာ့ဆေးစွမ်းတစ်လက်
၉း၃၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၀၅ "ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၁၀း၂၀ Activities In The City (ရမ္မာမော်တော်ယာဉ်ထုတ်လုပ် ရောင်းချရေးစက်ရုံဖွင့်ပွဲ အခမ်းအနား)
၁၀း၃၅ ဗီဒီယိုပြခန်း
၁၀း၅၀ ဈေးဝယ်လမ်းညွှန် (Fashion Euphoria)
၁၁း၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်ကြီး)
၁၁း၄၀ အသက်ကယ်တဲ့ရှည်စေလို (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတိ) [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၁၁း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Kanebo Save the Earth Green Tour)
၁၂း၀၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၂း၂၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
၁း၀၀ "ဗုဒ္ဓမြတ်စွာရတနာ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တရိန္ဒာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (လိမ်တတ်တာကောင်းတယ်၊ မလိမ်တတ်တာကောင်းတယ်)
၃း၃၀ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆)**
၄း၄၅ "ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၅း၀၀ FMF Selection
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၀)**
၇း၂၀ Phyu Phyu Kyaw Thein Solo Concert (Part-1)
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀ သွားမယ်စားမယ် (toscana bistro)
၈း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Kanebo Save the Earth Green Tour)
၉း၀၅ ဈေးဝယ်လမ်းညွှန် (Fashion Euphoria)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇)**
၁၀း၁၀ ဟိုတယ်လမ်းညွှန် (The Hotel Amara NAYPYITAW)
၁၀း၄၅ အစွမ်းထက်မြက်. . . မြန်မာ့ဆေးစွမ်းတစ်လက်
၁၁း၀၅ Talent Show (နားဆင်ခံစား ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှဂီတသံစဉ်များ)
၁၁း၂၅ Activities In The City (ရမ္မာမော်တော်ယာဉ်ထုတ်လုပ် ရောင်းချရေးစက်ရုံဖွင့်ပွဲ အခမ်းအနား)
၁၁း၃၅ ပန်းချီပြခန်း (September Rain In Bagan art exhibition)
၁၁း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မိုးညအိပ်မက်မြူ"
၁၂း၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (ဒါရိုက်တာကိုအောင်မင်းသိမ်း၏ ဇနီးသမီးမြတ်ကျော်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၂း၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်ကြီး)
၁း၂၀ စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြမြ ကျောက်အလှ) (အပိုင်း-၂)
၁း၄၅ နည်းပညာအစွမ်းထက် SOLAR HUT
၁း၅၅ Smart Dictionary အကြောင်းသိကောင်းစရာ
၂း၁၀ မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀ အတ္ထရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၄း၁၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Monument Toy Shop)
၄း၃၀ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၄း၅၀ အသက်ကယ်တဲ့ရှည်စေလို (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတိ) [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**ပညာဘဏ်တိုက် စာကြည့်တိုက်**

# ကမန်အမျိုးသားတိုးတက်ရေးပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   အောက်တိုဘာ   ၉

**ကမန်အမျိုးသားတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်ဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မဲဆန္ဒရှင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့ ခင်ဗျား-**

ကျွန်တော်ကတော့ ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်ဝင်းဖြစ်ပါတယ်။

လာမည့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ(၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရန် တိုင်းရင်းသားလူမျိုးစုအမည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပါတီများအနက် ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ကမန်အမျိုးသားတိုးတက်ရေးပါတီရဲ့ ဖွဲ့စည်းပုံအခြေခံနိဒါန်းပိုင်းမှာ "ဖြစ်ပေါ်လာသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ၊ တိုင်းရင်းသားများကို ကိုယ်စားပြုသော ပါတီအသီးသီး တည်ထောင်ခဲ့ကြရာတွင် ကျွန်တော်တို့ ကမန်တိုင်းရင်းသားများကလည်း အခြားတိုင်းရင်းသားများ၊ နိုင်ငံသားများနှင့်အတူ လက်တွဲလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လက်တွဲချီတက်နိုင်ရန် ဤကမန်အမျိုးသားတိုးတက်ရေးပါတီကို ဖွဲ့စည်းထူထောင်လိုက်ပါသည်"ဟု ပါတီဖွဲ့စည်းရခြင်း၏ အဓိကဦးတည်ချက်ကို ဖော်ပြခဲ့ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ညီအစ်ကိုတိုင်းရင်းသားများ၊ နိုင်ငံသားများအားလုံးနှင့်အတူ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အစရှိတဲ့ မျက်နှာစာအသီးသီးမှာ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး ဤကမန်အမျိုးသားတိုးတက်ရေးပါတီကို တိုင်းရင်းသားကမန်မျိုးနွယ်စုအမည်ဖြင့် ဖွဲ့စည်းထူထောင်ထားခဲ့ခြင်းလည်း ဖြစ်ပါတယ်။

အဲဒါကြောင့် ဥပဒေနှင့်အညီ ပါတီအဖွဲ့အစည်းများတွင် ပါဝင်ခြင်း မပြုရဟု နိုင်ငံတော်က တားမြစ်ထားသူများမှအပ မည်သူမဆို ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီဝင်အဖြစ် ပါဝင်လျှောက်ထားခွင့်ရှိကြောင်း ဖွဲ့စည်းပုံစည်းမျဉ်းမှာ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီဟာ ကမန်အမျိုးသားများအပြင် ကမန်မဟုတ်သည့် အခြားတိုင်းရင်းသားညီအစ်ကိုများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းရန် ရည်ရွယ်ထားတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့အတွက် လူမျိုးရေးကို ရှေ့တန်းတင်တဲ့ အဖွဲ့အစည်းတစ်ရပ်တော့ မဟုတ်ဘူးဆိုတာကို မဲဆန္ဒရှင်ပြည်သူများအား တင်ပြလိုပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုးတွေကိုတော့ ထင်ရှားဖြစ်ပြီးတဲ့အတွက် မြန်မာနိုင်ငံသားတိုင်း သိရှိကြပြီးဖြစ်ပါတယ်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် အတူတကွနေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုများအနက် ကမန်တိုင်းရင်းသားမျိုးနွယ်စုကိုလည်း ပြည်ထောင်စုသား မဲဆန္ဒရှင်များအားလုံးက သိထားသင့်တယ်လို့ ယူဆတဲ့အတွက် အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။

ကမန်တိုင်းရင်းသားမျိုးနွယ်စုဆိုတာဟာ ရခိုင်ပြည်နယ်ကို အခြေပြုမှီတင်းနေထိုင်ကြတဲ့ မျိုးနွယ်စုများအနက် မျိုးနွယ်စုတစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်အစိုးရက တရားဝင်သတ်မှတ်ထားတဲ့ တိုင်းရင်းသားမျိုးနွယ်စုထဲမှာ ကမန်မျိုးနွယ်စုဟာလည်း တစ်စုအပါအဝင်ဖြစ်ပါတယ်။ ရခိုင်စုထဲမှာ ရခိုင်၊ ကမန်၊ ခမီွး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် ဟူ၍ လူမျိုးစု (၇)စု ဖြစ်ပါတယ်။

ကမန်ဟူသော ဝေါဟာရမှာ ရှေးရခိုင်ရှင်ဘုရင်များလက်ထက်ကပင် ခေါ်ဝေါ်သုံးစွဲလာခဲ့သော ရခိုင်ဘုရင့်တပ်မတော်မှ သူရဲကောင်း လေးသည်တော်တပ်ဖွဲ့၏ အမည်နာမတစ်ခုပင် ဖြစ်ပါတယ်။

ရခိုင်သုတေသီတို့၏ အဆိုအမိန့်များအရ ကမန်ဆိုသည်မှာ "လေးမြားအတတ်၌ ကျွမ်းကျင်သူ" လေးသည်တော်(သို့မဟုတ်)လေးတော်ပစ်ဟူ၍ အဓိပ္ပာယ်ရရှိပါတယ်။

ပညာရေးဝန်ကြီးဌာန အဝေးသင်တက္ကသိုလ် စတုတ္ထနှစ် မြန်မာစာ အထူးပြု သင်ရိုးအမှတ် မ-၄၁၂ "ရခိုင်မင်းသမီးချေါင်း" ပို့ချချက်အပိုဒ် ၃၃-၃၄ တွင် ကမန်ဆိုသည်မှာ လေးအတတ်၌ ကျွမ်းကျင်သော လေးသည်တော်ကို ခေါ်သည်။ ရခိုင်ဘုရင့်တပ်မတော်တွင် လေးသည်တော်တပ်ပါရှိရာ ၎င်းတပ်တွင် အမှုထမ်းသူများအား ကမန်ဟု ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။

ရခိုင်မင်းသမီးချေါင်း အပိုဒ် ၃၃ မှာ-

"ဘစောမင်းဖြူ၊ သားသည်းအူလည်း၊ သူတော်ဇာတိ၊ တုမရှိအောင်၊ ဆင်ပြောင်တန္ဒုန်း ထက်ဘုန်းအားသာ၊ စွမ်းသန်ရဲမက်၊ မောင်းလတ်ကြံတော်၊ ကြီးမြင့်မော်လျက်၊ 'ကျော်လေးကမန်' ကျင်လည်ဟန်လည်း၊ ပစ်မှန်လေရာ"ဟု စပ်ဆိုထားတာကို တွေ့ရမှာဖြစ်ပါတယ်။

ကမန်မျိုးနွယ်စုဝင်များဟာ ယဉ်ကျေးမှုဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် စကားအပြောအဆိုတို့မှာ ရခိုင်တိုင်းရင်းသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါတယ်။ ကွဲပြားခြားနားမှု လုံးဝမရှိပါဘူး။

ကမန်လူမျိုးများက ရခိုင်ဘုရင်မင်းအဆက်ဆက်ကတည်းကပင် ဘုရင့်လေးသည်တော်တပ်များအဖြစ် အမှုထမ်းခဲ့ကြပြီး ၎င်းတို့သည် အစုအဖွဲ့နေထိုင်တတ်ကြသူများ ဖြစ်ပါတယ်။ နိုင်ငံတော်အပေါ်မှာ သစ္စာရှိမှု၊ တိုင်းပြည်အပေါ် ချစ်ခင်တတ်မှု၊ လူမျိုးအပေါ် ချစ်ခင်တတ်မှုအပြင် မည်သည့်အခါကမျှ တိုင်းပြည်ပေါ်မှာ သစ္စာဖောက်မှု မရှိခဲ့ဘူးဆိုတာကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိသော စာရေးဆရာ မောင်ဆန္ဒ(လယ်ဝေး)ရေးသားသည့် 'ကမန်မျိုးနွယ်စုသမိုင်း' စာအုပ်က သက်သေခံလျက်ရှိပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့ ခင်ဗျား-**

ဒုတိယအချက်အနေနှင့် ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီရဲ့ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။

**ရည်ရွယ်ချက်များ**

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံသားများအားလုံးနှင့် ပူးပေါင်းပြီး နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ထောင်ရန်။

(ခ) ပြည်ထောင်စုတိုင်းရင်းသားအားလုံး ရသင့်ရထိုက်သော မွေးရာပါအခြေခံ လူ့အခွင့်အရေးများနှင့် စစ်မှန်သည့် ဒီမိုကရေစီအပြည့်အဝရရှိရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ နိုင်ငံသားအခွင့်အရေးများကို နိုင်ငံသားတိုင်း သာတူညီမျှ ခံစားခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို့ ဖော်ပြပါရှိပါတယ်။

လုပ်ငန်းစဉ်များအနေနှင့်ကတော့ ကျွန်တော်တင်ပြရရင်-

(က) မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ်အမြော်အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့်မဆို တန်းတူညီတူ ရင်းနှီးစွာဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့စည်းခြင်း၊ ကူညီခြင်းများ ပြုလုပ်သွားမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး နေရာဒေသမခွဲခြားဘဲ တန်းတူညီတူ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ပြည့်ဝစွာရရှိခံစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံသားအားလုံး နိုင်ငံတော်အတွင်းရှိ မည်သည့်အရပ်ဒေသတွင် နေထိုင်၊ သွားလာ၊ ရောင်းဝယ်ဖောက်ကား၊ အသက်မွေးဝမ်းကျောင်း ပြုလုပ်မှုများ လွတ်လပ်စွာပြုလုပ်ခွင့်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီအနေဖြင့် အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီများနှင့်မဆို ပူးပေါင်းကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား လူမျိုးစုများ၊ နိုင်ငံသားများအားလုံးအတွက် လူ့အခွင့်အရေး၊ စီးပွားရေး၊ ပညာရေး စသည့် အခွင့်အရေးများကို သာတူညီမျှ အချိုးအညီညီ ရရှိခံစားနိုင်ရန် လွှတ်တော်အရပ်ရပ်၌ တင်ပြသွားရန်လည်း ရည်ရွယ်ပါတယ်။

မူဝါဒသဘောထားများကတော့

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် လောကပါလတရားများကို အခြေခံကာ အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာသော ပြည်ထောင်စုဖွား ပြည်သူပြည်သားများ၊ ပါတီများနှင့်လက်တွဲ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရန် အစွမ်းကုန် ကြိုးပမ်းသွားရေး၊

(ခ) အကြမ်းဖက်ဝါဒနှင့် အခြားအစွန်းရောက်သည့် မည်သည့်ဝါဒကိုမဆို ဆန့်ကျင်သွားရေး။

(ဂ) ကမ္ဘာ့နိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ဖြောင့်မတ်သော ဘက်မလိုက်မူဝါဒကိုအခြေခံသည့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးတွင် ပါဝင်ကူညီရေး။

(ဃ) နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရေး။

(င) မြန်မာ့လူ့အဖွဲ့အစည်းတွင် အကျိုးမပြုသည့် အတွေးအခေါ် အယူအဆများ ပပျောက်ချုပ်ငြိမ်းသွားအောင် ပညာပေးစည်းရုံးသွားရေးတို့ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူ၊ ပြည်သားများခင်ဗျား-**

ကျွန်တော့်အနေနဲ့ နောက်ဆုံး နိဂုံးချုပ်တင်ပြလိုတာကတော့ မိမိတို့ရွေးချယ်ကြရမယ့် ကိုယ်စားလှယ်လောင်းတွေဟာ မိမိနိုင်ငံသားများ၊ အခြားတိုင်းရင်းသားမျိုးနွယ်စုများရဲ့ အခြေခံလူ့အခွင့်အရေးဖြစ်တဲ့ လွတ်လပ်စွာသွားရေး၊ လာရေး၊ ပညာရေး၊ စီးပွားရေးစသည်တို့ကို ပွင့်လင်းထင်သာမြင်သာအောင် လမ်းဖွင့်ပေးနိုင်မည့်သူတွေလား၊ ဒီမိုကရေစီ အမည်ခံသူတွေလား၊ အခြေခံဥပဒေကို အလေးထားပြီး ဆောင်ရွက်ကြမယ့်သူတွေလားဆိုတာကိုတော့ သေချာလေ့လာစိစစ်ပြီးမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်ပေးနိုင်မယ့်ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်ပြီး မဲပေးကြပါလို့ တိုက်တွန်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ လွှတ်တော်မဲဆန္ဒနယ် (၆)နေရာမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ စစ်တွေမှာ (၄)နေရာ၊ သံတွဲမှာ (၁)နေရာ၊ ရမ်းဗြဲမှာ (၁)နေရာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားပါတီတစ်ခုဖြစ်တာနဲ့အညီ တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ အခွင့်အရေး၊ လူမျိုးစုအခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိကြရန် ကျဉ်းမြောင်းတဲ့ အတွေးအခေါ် အယူအဆများကို ရှေ့တန်းမတင်ဘဲ တိုင်းရင်းသားမျိုးနွယ်စု အသီးသီး သာတူညီမျှ သူတစ်ကျပ်ကိုယ်တစ်ကျပ် ရရှိကြဖို့ အဓိကဖော်ဆောင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီရဲ့ သင်္ကေတကတော့ ဒီလိုမျိုး(လေးနှင့်မြား) သင်္ကေတဖြစ်ပါတယ်။ ဒီ(လေးနှင့်မြား) သင်္ကေတပါရှိတဲ့ ကမန်အမျိုးသားတိုးတက်ရေးပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေကို မဲဆန္ဒပေး ရွေးချယ်မယ်ဆိုရင်တော့ မိမိနိုင်ငံသားများနှင့် အခြားတိုင်းရင်းသားလူမျိုးစုတွေရဲ့ လက်ရှိခံစားနေရသော လူမှုအခွင့်အရေးများ၊ သွားရေးလာရေးအခက်အခဲများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများစွာတို့ကိုတော့ ပြေလည်အောင် လမ်းဖွင့်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ဆောင်ရွက်တဲ့နေရာမှာ ပြည်သူ့ဆန္ဒနဲ့အညီ ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီကလည်း အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးပါမယ်လို့ ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ပြည်ထောင်စုမြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ။

နိုင်ငံတကာသတင်းများ



# ဆိုက်ပရပ်စ်၊ ရုရှား စီးပွားရေး သဘောတူညီချက်များ လက်မှတ်ထိုး

**နီကိုရှား အောက်တိုဘာ ၉** - ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် ဆိုက်ပရပ်စ်နိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေမည့် သဘောတူညီမှု ၁၅ ချက်ကို ကြာသပတေးနေ့တွင် လက်မှတ်ထိုးခဲ့ကြောင်း အေပီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အဆိုပါ သဘောတူညီမှုများတွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးစေမည်ဟု မျှော်လင့်ထားကြသည့် ထပ်ဆင့်အခွန်ကောက်ခံခြင်းကို ဖျက်သိမ်းသော အဓိကသဘောတူညီချက်လည်း ပါဝင်သည်။

ဆိုက်ပရပ်စ်နိုင်ငံမှ ရုရှားသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန် ဒေါ်လာဘီလီယံ ၅၀ ကျော်လွန်ပြီဖြစ်ကြောင်း၊ ထပ်ဆင့်အခွန်ကောက်ခံခြင်းကို ပယ်ဖျက်သော သဘောတူညီမှုသည် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း မက်ဗီဒက်ဗ်ကပြောကြားသည်။

ဆိုက်ပရပ်စ်သည် ရုရှားနိုင်ငံတွင် အဓိကရင်းနှီးမြှုပ်နှံမှုပြုလုပ်သော နိုင်ငံဖြစ်သကဲ့သို့ ရုရှားကုမ္ပဏီများကလည်း ယင်းနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ကာလကြာမြင့်စွာကပင် နှစ်နိုင်ငံ ဆက်ဆံရေး၌ အဟန့်အတားဖြစ်နေသောအချက်ကို အဆိုပါစာချုပ်က ဖယ်ရှားမည်ဖြစ်သည်။

နှစ်နိုင်ငံ ဘဏ်စာရင်းအချက်အလက်များကို အပြန်အလှန်လဲလှယ်ရာတွင် ဆိုက်ပရပ်စ်ဘက်မှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသဖြင့် အခွန်တိမ်းရှောင်မှုဖြစ်စေသည့်အတွက် ရုရှားက ဆိုက်ပရပ်စ်ကို နာမည်ပျက်စာရင်းထည့်သွင်းခဲ့သည်။

အဆိုပါ စာချုပ်အသစ်ကြောင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းစွာ သိမြင်လာပြီး သတင်းအချက်အလက်များကို ပိုမိုသိရန် အခွင့်အလမ်းများရရှိလာမည် ဖြစ်ကြောင်း၊ ဆိုက်ပရပ်စ်ကိုလည်း ရုရှားဗဟိုဘဏ်၏ နာမည်ပျက်စာရင်းမှ ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း မက်ဗီဒက်ဗ်ကပြောသည်။

**အေပီ။**



# အမေရိကန်က အစ္စရေးအား တိုက်လေယာဉ်ရောင်းချခြင်းသည် အရှေ့အလယ်ပိုင်းကိုခြိမ်းခြောက်ခြင်းဟု ဆီးရီးယားပြောကြား

**ဆာတီး(လစ်ဗျား) အောက်တိုဘာ ၉**

အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံသို့ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် အစင်း၂၀ ရောင်းချပေးခြင်းသည် အရှေ့အလယ်ပိုင်းဒေသလုံခြုံရေးကို ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်မူလင် က သောကြာနေ့တွင် သတိပေးလိုက်သည်။

အစ္စရေးနိုင်ငံက အက်ဖ်-၃၅ တိုက်လေယာဉ်များဝယ်ယူရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းသည် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးကိုခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း အာရပ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကျင်းပရာ လစ်ဗျားနိုင်ငံ ဆာတီးမြို့၌ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှေ့ဆက်ရန်အတွက် အစ္စရေးနိုင်ငံအား အမေရိကန်ပြည်ထောင်စုက မက်လုံးပေးကမ်းလှမ်းပြီးနောက် တိုက်လေယာဉ်အစင်း ၂၀ ဝယ်ယူရန် ကန်ထရိုက်စာချုပ်ကို အစ္စရေးက ကြာသပတေးနေ့တွင် လက်မှတ်ရေးထိုးကြောင်း ဝါရှင်တန်မှ တာဝန်ရှိသူများက ကြေညာခဲ့သည်။

**အေအက်ဖ်ပီ။**

# ဗီယက်နမ်တွင် ရေကြီး ၆၂ ဦးသေဆုံး၊ ၂၀ ပျောက်ဆုံးနေ

**ဟန္နိုင်း အောက်တိုဘာ ၉**

ဗီယက်နမ်နိုင်ငံတွင် ရေဘေးဒုက္ခသည် ၁၀၀၀၀၀ ခန့်မှာ အစားအသောက်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရစဉ် နိုင်ငံအလယ်ပိုင်း၌ ရေလွှမ်းမိုးခြင်းကြောင့် သေဆုံးသူဦးရေမှာ ၆၂ဦးအထိရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

နှစ်ရက်အတွင်းတွင် အလောင်း ၁၄ လောင်း ထပ်မံတွေ့ရှိကြောင်း၊ အာဏာပိုင်များက ပျောက်ဆုံးနေသူ ၂၀ကို ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးကော်မတီက ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါ ရေကြီးခြင်းကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများနှင့် လမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးမှုတန်ဖိုးသည် ဗီယက်နမ်ငွေ ဒေါင်၂ ဒသမ၂ ထရီလီယံ (အမေရိကန်ဒေါ်လာသန်း ၁၁၀) ခန့်ရှိမည်ဟု ခန့်မှန်းကြောင်း ၎င်းကော်မတီက ပြောသည်။

ရေဘေးဒဏ် အဆိုးရွားဆုံးခံရသော ကောင်းဗင့်ပြည်နယ်တွင် ၄၂ ဦးသေဆုံး၍ ၁၇ဦးပျောက်ဆုံးနေကြောင်း၊ အာဏာပိုင်များက ဒုက္ခသည်များကို ကယ်ဆယ်ရေးပစ္စည်းများဝေငှနိုင်ရန် အလျင်အမြန်ကြိုးစားနေကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအရာရှိ ငုယင်ငေါ်ဂျီက ပြောကြားသည်။

**အေပီ။**



# ဘင်္ဂလားဒေ့ရှ်တွင် မိုးသုံးရက်ရွာ ရေကြီး၍ ၁၇ ဦးသေဆုံး

**ဒါကာ အောက်တိုဘာ ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေဒေသတွင် သုံးရက်တိုင်တိုင် မိုးသည်းထန်စွာရွာသဖြင့် ၁၇ ဦးသေဆုံးပြီး တံငါသည် ၄၁ ဦး ပျောက်ဆုံးနေကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

အနိမ့်ပိုင်းကမ်းခြေတွင် ဒီရေများတစ်ဟုန်ထိုးတက်လာသဖြင့် ထောင်ပေါင်းများစွာသော နေအိမ်များကို ရေဖုံးလွှမ်းသွားပြီး ထောင်သောင်းချီသော လူများမှာ အားကိုးရာမဲ့ဖြစ်နေသည်ဟု တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများပြောကြားချက်ကို ကိုးကား၍ ဘင်္ဂါလီဘာသာနှင့် ထုတ်ဝေသော "ကားလားကန်သာ" သတင်းစာက ဖော်ပြသည်။

ရေဘေးဒုက္ခဒဏ်အဆိုးရွားဆုံးကြုံတွေ့နေရသည့် ဒေသမှာ ကမ်းခြေဒေသဖြစ်ပြီး ၁၅ ဦး သေဆုံးခဲ့ကြောင်း သတင်းစာက ရေးသားသည်။

မြို့တော်ဒါကာတွင် အုတ်နံရံပြိုကျသဖြင့် ဆယ်ကျော်သက်ရွယ်နှစ်ဦး သေဆုံးကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော 'ဒေးလီးစတား' သတင်းစာက ဖော်ပြသည်။

ယင်းဖြစ်ရပ် မတိုင်မီရက်များက ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သွားကြသော အနည်းဆုံး တံငါသည် ၄၁ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း 'ကားလားကန်သာ' သတင်းစာ စနေနေ့ထုတ်တွင် ရေးသားထားသည်။

ဘင်္ဂလားပင်လယ်အော်မှ တက်လာသော ဒီရေများက ၎င်းတို့၏ နေအိမ်များကို ဖုံးအုပ်သွားသဖြင့် အနည်းဆုံး ကျွန်းသူ၊ ကျွန်းသား ၁၀၀၀၀ မှာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများတွင် နေထိုင်နေရကြောင်း ပင်လယ်ကမ်းခြေမြို့ ကော့စ်ဘဇားမှ အုပ်ချုပ်ရေးမှူးချုပ် ဂီယာဆုဒ်ဒင်အာမက်က ပြောကြားသည်။

**အေပီ။**



# ပါကစ္စတန်တွင် နေတိုးလောင်စာတင်ယာဉ် ၂၉ စီး မီးရှို့ဖျက်ဆီးခံရ

**ကွယ်ယက်တာ အောက်တိုဘာ ၉** - ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် စနေနေ့နံနက် အရုဏ်မတက်မီအချိန်၌ နေတိုးလောင်စာဆီတင်ယာဉ် ၂၉ စီးကို သေနတ်သမားများက ဒုံးကျည်ဖြင့်ပစ်ခတ်ရာ မီးလောင်ပျက်စီးကုန်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်အာဏာပိုင်များက အာဖဂန်နယ်စပ် အဓိကလမ်းကြောင်းကို ပိတ်ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ နိုင်ငံစုံတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးမော်တော်ယာဉ်တန်းကို နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

ဘလူချစ္စတန်ပြည်နယ်မြို့တော် ကွယ်ယက်တာ၏ အရှေ့ဘက်မိုင် ၁၂၀ ခန့်အကွာရှိ မိထရီနယ်မြေတွင် ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု ဒေသဆိုင်ရာအစိုးရအဖွဲ့မှ တာဝန်ရှိသူ အဗ္ဗဒူလ်မာတင်ကပြောသည်။

လမ်းဘေးစားသောက်ဆိုင်တစ်ခု၏ အနီးတွင် ရပ်ထားသော ဆီတင်ယာဉ်များကို တိုက်ခိုက်သောအဖွဲ့တွင် လက်နက်ကိုင် ၁၀ ဦးပါဝင်ကြောင်း ရဲအရာရှိဂျာမီးခန်က ပြောသည်။

ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်၍ သောင်းကျန်းသူများထွက်ပြေးကြသည်။ ရဲအရာရှိ တစ်ဦးသေနတ်ဒဏ်ရာရရှိခဲ့ပြီး မီးငြိမ်းသတ်သော အခြားရဲတပ်ဖွဲ့တစ်ဦးမှာ မီးလောင်ခံရသည်ဟု မာတင်ကပြောသည်။

**အေပီ။**

# ဆိုမာလီ ပင်လယ်ဓားပြများ ဓားပြတိုက်သည့်နယ်ပယ် ပိုမိုကျယ်ပြန့်လာ

**ဘရပ်ဆဲလ် အောက်တိုဘာ ၉**

ဆိုမာလီ ပင်လယ်ဓားပြများသည်၎င်းတို့ ပုံမှန်အားဖြင့် ပင်လယ်ဓားပြတိုက်လေ့ရှိသည့် နေရာဒေသကို ကျော်လွန်ကာ ပင်လယ်ဓားပြတိုက်လာကြောင်း၊ ယခုကဲ့သို့ ပင်လယ်ဓားပြများ၏ ဓားပြတိုက်သည့်နယ်ပယ် ပိုမိုကျယ်ပြန့်လာခြင်းကြောင့် မိုဇမ်ဘစ် ရေလက်ကြား၌ ရေနံတူးဖော်သည့် ကုမ္ပဏီဝန်ထမ်းများအတွက် စိုးရိမ်ပူပန်မှု ဖြစ်ကြရကြောင်း ဥရောပသမဂ္ဂ (အီးယူ) ရေတပ် တပ်ဖွဲ့က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

ဆိုမာလီ ပင်လယ်ဓားပြများသည် ရေယာဉ်ဝန်ထမ်း ၁၄ ဦးပါရှိသော တရုတ်တိုင်ပေ ငါးဖမ်းသင်္ဘောတစ်စင်းကို ဓားပြတိုက်ခဲ့သည်။ အဆိုပါ ငါးဖမ်းသင်္ဘောနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီးနောက် ယင်းသင်္ဘောပိုင်ရှင်က အောက်တိုဘာ ၇ ရက်တွင် မောရစ်သျှရှိ အာဏာပိုင်များထံ ပထမဆုံး အကြောင်းကြားခဲ့သည်။

အီးယူရေတပ်မှ စစ်သင်္ဘောတစ်စင်းသည် အခင်းဖြစ်ပွားမှုကို စုံစမ်းဖော်ထုတ်ရန် သွားရောက်ခဲ့ရာတွင် ပင်လယ်ဓားပြတိုက်သည့်နေရာမှာ မာဒါဂတ်စကားအရှေ့ဘက် ၄၃၅ ကီလိုမီတာအကွာတွင်ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

နောက်ဆုံးပင်လယ်ဓားပြတိုက်မှု ပေါ်ပေါက်ရာနေရာမှာ အီးယူရေတပ် တပ်ဖွဲ့ ကင်းလှည့်စောင့်ကြပ်ပေးသော နေရာဒေသ၏ အပြင်ဘက်တွင် ဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ပါကလင်းဗဲလ်က ပြောကြားသည်။

ပင်လယ်ဓားပြများ ပိုမိုအတင့်ရဲလာခြင်းကြောင့် မိုဇမ်ဘစ် ရေလက်ကြား၌ ကမ်းလွန်ရေနံတူးဖော်နေသော ရေနံ ကုမ္ပဏီများမှ ဝန်ထမ်းများမှာ လုံခြုံရေးအရ စိုးရိမ်ပူပန်စရာများဖြစ်လာရသည်။

**စီဘီစီ ရုပ်သံ။**

# ဘောလ်တစ်ပင်လယ်တွင် ကူးတို့ရေယာဉ်မီးလောင် ၂၂ ဦး ဒဏ်ရာရ

**ဘာလင် အောက်တိုဘာ ၉** - ဘောလ်တစ်ပင်လယ်ပြင်တွင် လူပေါင်း ၂၄၀ခန့် လိုက်ပါလာသော ခရီးသည်တင် ကူးတို့ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားသဖြင့် ၂၂ ဦး ဒဏ်ရာရရှိကြောင်း ဂျာမနီတာဝန်ရှိသူများက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

ပေ ၆၅၀ အရှည်ရှိ လစ္စကိုဂလိုရီးယားအမည်ရှိ ကူးတို့ရေယာဉ်၏ အပေါ်ပိုင်းကုန်းပတ်ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားရာမှ မီးလောင်ခဲ့ကြောင်း၊ ညသန်းခေါင်ယံဝန်းကျင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းတရားကို လောလောဆယ် မသိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လစ်သူယေးနီးယားနိုင်ငံမှတ်ပုံတင် အဆိုပါကူးတို့ရေယာဉ်သည် ဂျာမနီနိုင်ငံ ကီးယယ်ပင်လယ်ဆိပ်ကမ်းမှ လစ်သူယေးနီးယားနိုင်ငံ ကလီပီဒါမြို့သို့ ဦးတည်မောင်းနှင်လာချိန်အတွင်း မတော်တဆမှု ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ဒိန်းမတ်နိုင်ငံပိုင် ရေပိုင်နက်အတွင်းရှိနေပြီး အခြားသင်္ဘောခြောက်စင်းက ခရီးသည်များကို ကယ်တင်သည့် လုပ်ငန်းတွင် ပါဝင်ခဲ့ကြသည်။ ခရီးသည်အားလုံးနှင့် ရေယာဉ်ဝန်ထမ်းအားလုံးကို ကယ်တင်ပေးနိုင်ခဲ့သည်။

အပြင်းအထန် ဒဏ်ရာရသူသုံးဦးကို ရဟတ်ယာဉ်တစ်စင်းဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

**အေပီ။**






## စက်ခလုတ်နှိပ်ဖွင့်လှစ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး Ruby Mart (ရန်ကုန်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

❁ **ကျောဖုံးမှ**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဇာနည်ဝင်းတို့က Ruby Mart (ရန်ကုန်)အထိမ်းအမှတ်ပါ မိုးပျံဘောလုံးများကို လွှတ်တင်ပေးကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် Ruby Mart (ရန်ကုန်)အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ Ruby Mart (ရန်ကုန်)တွင် ကားစီးရေ ၇၈ စီးခန့် တစ်ပြိုင်တည်း ရပ်နားနိုင်သည့် ကားရပ်နားရန် နေရာပါရှိပြီး မြေညီထပ်တွင် စူပါမားကက်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ထားကာ သန့်ရှင်းလတ်ဆတ်စွာ ပြုလုပ်ရောင်းချသွားမည်ဖြစ်သည်။

ပထမထပ်တွင် အမျိုးသား၊ အမျိုးသမီး အဝတ်အထည်များ၊ ဖိနပ်များ၊ အိတ်များ၊ အလှကုန်ပစ္စည်းများ၊ ရေမွှေး၊ နာရီနှင့် Fashion ဆိုင်များကို လည်းကောင်း၊ ဒုတိယထပ်တွင် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုး၊ စာရေးကိရိယာနှင့်ပရိဘောဂ၊ အိပ်ရာခန်းဝင်ပစ္စည်းများကိုလည်းကောင်း၊ တတိယထပ်တွင် IT Floor အနေဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Note Book များ၊ ကင်မရာ၊ မိုဘိုင်းဆိုင်များနှင့် Internet & Network Game ဆိုင်များကို လည်းကောင်း၊ အပေါ်ဆုံးထပ်တွင် ကလေးကစားကွင်းထားရှိပြီး ကလေးကစားစရာ အရုပ်များကို ရောင်းချသွားမည့်အပြင် မိဘများက သားသမီးများအား စောင့်ဆိုင်းရင်း စားသုံးနိုင်ရန် စားသောက်ဆိုင်များကိုလည်းကောင်း ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ Ruby Mart (ရန်ကုန်) ကို တွေ့ရစဉ်။**

(သတင်းစဉ်)

**Ruby Mart (ရန်ကုန်) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)






## Computer Hardware A+ သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာ့ ICT လူငယ်များ ကွန်ပျူတာလေ့လာမှု ပိုမိုလွယ်ကူစေရန်နှင့် မိမိကွန်ပျူတာများကို ကိုယ်တိုင်ပြုပြင် ထိန်းသိမ်းနိုင်ရန် Computer Hardware A+ သင်တန်းကို NetInfo နည်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်း၏ရည်ရွယ်ချက်မှာ မြန်မာလူငယ်များ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် ICT နည်းပညာများကို လေ့လာသင်ယူရာတွင် အခက်အခဲမရှိစေရန်၊ မိမိ၏ကိုယ်ပိုင်ကွန်ပျူတာများကို ပြုပြင်ထိန်းသိမ်းနိုင်စေရန်၊ အခြေခံကွန်ပျူတာကျွမ်းကျင်၍ အဆင့်မြင့်သင်တန်းများ ဆက်လက်လေ့လာနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းသင်တန်းတွင် ကွန်ပျူတာ အလုပ်လုပ်ပုံ၊ အစိတ်အပိုင်းတစ်ခုစီ၏ တပ်ဆင်ပုံ၊ Program များ Install ပြုလုပ်ခြင်း၊ Virus များအား ကာကွယ်တားဆီးခြင်း၊ အင်တာနက်ချိတ်ဆက်အသုံးပြုပုံတို့ကို လေ့လာသင်ယူရမည်ဖြစ်သည်။သင်တန်းတက်ရောက်ပြီးလျှင် ကွန်ပျူတာကို အခြေခံကျကျ နားလည်အသုံးပြုနိုင်ပြီး နိုင်ငံတကာအသိအမှတ်ပြု Networking Certificate သင်တန်းများ တက်ရောက်နိုင်ရန် အထောက်အကူဖြစ်မည်။

ကွန်ပျူတာကို အခြေခံကျကျ နားလည်လိုသူများ၊ Network Professional အဖြစ်ရည်မှန်းထားသူများ၊ ကွန်ပျူတာ တက္ကသိုလ်ကျောင်းသားများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ကာ တစ်ပတ်နှစ်ရက် ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များ၌ တက်ရောက်သင်ကြားရမည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် NetInfo နည်းပညာသင်တန်းကျောင်း အဆောင် (၄) အခန်း (၂) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၉-၁၀-၂၀၁၀)

| | | | | |
|---|---|---|---|---|
| **မောင်တော** | ၆ | ဒသမ | ၁၀ | လက်မ |
| **ပလက်ဝ** | ၅ | ဒသမ | ၁၂ | လက်မ |
| **ဝန်းသို** | ၅ | ဒသမ | ၀၂ | လက်မ |
| **မြစ်ကြီးနား** | ၄ | ဒသမ | ၁၃ | လက်မ |

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လေးမြတ်စွာပူဇော် မကွေးဆရာတော် (အပိုင်း-၅)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၄၆)
၁၁း၂၅ ၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နွေဦးပုံပြင်**
၁၂း၃၀ ၆။ ကျန်းမာသုတ
၂း၀၀ ၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၅)**
၂း၅၀ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၅ ၉။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ ဒီဗိုင်နာတို့ရဲ့ဒီဗိုင်း
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ ဘဝကြေးမုံ -သံသရာကွေ့ဝန်လေးမှာ ကြောက်သူ(အပိုင်း-၁) (အကယ်ဒမီခင်စိုးပိုင်၊ အနုပညာဝင်းနိုင်၊ ဟာသရုပ်စုံ ချစ်စမ်းမောင်၊ ဒေါ်မြင့်နှင့်အဖွဲ့) [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]
၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၆)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ အမျိုးသားရေးတေးကဗျာ
၁၅။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - သိုင်းသမားခုနစ်ဖော် (အပိုင်း-၃)**
၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# ကျန်ရှိသော ဆင်ဖြူကျွန်း-ပွင့်ဖြူ ရထားလမ်းပိုင်းကို ယခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းလျက်ရှိ



❖ **ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်ဒိုးပတ် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



## အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယခု ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဆိပ်ဖြူ မြို့နယ်နှင့် ဆင်ဖြူကျွန်းအကြား ခရီးသည်ပို့ဆောင်မှုများ၊ ကုန်စည်စီးဆင်းမှုများသည်လည်း ကုန်ကျစရိတ် သက်သက်သာသာဖြင့် သွားလာပို့ဆောင်ပေးနိုင်တော့မည်ဖြစ်သည့်အတွက် ရထားလမ်းတစ်လျှောက်တွင် ရှိသည့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှု-စီးပွားရေးတို့သည်လည်း ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ကျန်ရှိသော ဆင်ဖြူကျွန်း-ပွင့်ဖြူ ရထားလမ်းပိုင်းကိုလည်း ယခုနှစ် နှစ်ကုန်ပိုင်းအတွင်း ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပွင့်ဖြူ-မင်းဘူး ရထားလမ်းပိုင်းနှင့် ကျွန်းချောင်း-ယောချောင်း ရထားလမ်းပိုင်းတို့ကိုပါ ဖွင့်လှစ်နိုင်ပြီဆိုလျှင် ရန်ကုန်-မန္တလေး-မြစ်ကြီးနား ရထားလမ်းကြီးနှင့်အပြိုင် ကလေးမြို့မှ ဂန့်ဂေါ၊ ပခုက္ကူ၊ မင်းဘူးမှတစ်ဆင့် မြန်မာနိုင်ငံအောက်ပိုင်း ပုသိမ်၊ရန်ကုန်(လှိုင်သာယာ) အထိ မီးရထားနှင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အပြင် မင်းဘူးမှ အမ်းကိုဖြတ်ပြီး ရခိုင်ပြည်နယ် စစ်တွေမြို့အထိ မီးရထားလမ်းတစ်လမ်းကိုလည်း ဖောက်လုပ်လျက်ရှိရာ တချို့အစိတ်အပိုင်းများ ပြီးစီးသွားပြီဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်သည့် ဒေသများသည် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနောက်ကျ ကျန်နေခဲ့ကြောင်း၊ တစ်ချိန်က လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ်မှု နည်းပါးခဲ့ကြကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ရေကြောမြေကြော တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်းလည်း တွေ့ပါများသဖြင့် ရင်းနှီး၊ မြင်ပါများသဖြင့် ချစ်ခင် ဆိုသကဲ့သို့ ချစ်ကြည်ရင်းနှီးမှုများ ပိုမို၍ရှိလာခဲ့ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက **“လမ်းပန်းဆက်သွယ်ရေးဟာ ပြည်ထောင်စု တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ ဖြစ်တယ်”**ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း။



**စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## အကောင်အထည်ဖော်ခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ချိန်ကစပြီး အေးချမ်းသာယာရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပြည်ထောင်စုကြီးတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ခေတ်နောက်ကျနေသည့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ချမှတ်၍ အကောင်အထည်ဖော်ခဲ့ရသကဲ့သို့ ဒေသအလိုက် ပြည်သူများ၏ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားလာအောင် အမျိုးသားစီမံကိန်းအဆင့်ဆင့်ကို ချမှတ်၍ နှစ်တို၊ နှစ်ရှည် စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီးအနှံ့ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုကို ပိုင်းခြားသတ်မှတ်၍ ဤဒေသကြီးများကို ဗဟိုပြုပြီး လွှမ်းခြုံပါဝင်သည့် နယ်မြေဒေသအားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း။

## ဖွံ့ဖြိုးမှုနောက်ကျ

ပြည်ထောင်စုအနှံ့ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်ပေးရာတွင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများသည် တောင်တန်းကြီးများတည်ရှိနေခြင်း၊ မြစ်ချောင်းများ ကြားခံနေခြင်း စသည့် သဘာဝအတားအဆီးများကြောင့် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများသည်လည်း ရှိသင့်သလောက် မရှိခဲ့သည့်အတွက် မြစ်အရှေ့ဘက်ခြမ်းဒေသများနှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ရစ်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး တစ်ခုတည်းတွင် ရှိနေသော်လည်း လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် အဆက်အစပ် ပြတ်တောက်၍ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများသည် တပေါင်းတစည်းတည်းမရှိခဲ့ခြင်းဖြစ်ကြောင်း။

## လမ်းညွှန်ခဲ့

ထို့ကြောင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများကို အချိန်တိုတိုအတွင်း လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာရန် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အထူးအလေးပေး ဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်ခဲ့ကြောင်း။

## အကျိုးထူးခံစားနိုင်

မီးရထားလမ်းများ၊တံတားများ မြန်မြန်ဖောက်လုပ်ပြီးစီးသရွေ့ မြန်မြန်ဖွင့်လှစ်ပေးနိုင်လျှင် ဒေသခံပြည်သူများ မြန်မြန်အကျိုးထူး ခံစားနိုင်ကြမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏စေတနာနှင့်အညီ ယခုကဲ့သို့ ပြီးစီးသရွေ့ အပိုင်းလိုက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

## စရိတ်သက်သာ

မီးရထားဖြင့် ခရီးသွားလာခြင်းသည် စရိတ်စကသက်သာစေရုံသာမက ခရီးသည်များများ၊ ကုန်စည်များများ သယ်ယူပို့ဆောင်ပေးနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါတွင် နယ်မြေဒေသအနှံ့ ဆက်သွယ်သွားလာနိုင်သော မီးရထားလမ်းများကို အရှိန်အဟုန်မြှင့်တင်ပြီး ဖောက်လုပ်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သော ရထားလမ်းပိုင်းအပါအဝင် မိုင်ပေါင်း ၁၅၀၀ကျော် ထပ်မံတိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ရထားလမ်းအရှည် မိုင်ပေါင်း ၃၀၀၀ကျော်ရှိနေပြီဖြစ်ကြောင်း၊ ယခင်က ဘူတာရုံပေါင်း ၄၈၇ ဘူတာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

## အမှာစကား ပြောကြား

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

**ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲနေသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)







နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ဖွင့်ပွဲ အထိမ်းအမှတ် အဖြစ် ပြေးဆွဲမည့် အထူးရထားဖြင့် လိုက်ပါစီးနင်းမည့် ဒေသခံ ပြည်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)



❒ စာမျက်နှာ ၇ မှ

ရှိခဲ့ရာမှ ယခုဆိုလျှင် ဘူတာပေါင်း ၄၀၆ ဘူတာ ထပ်မံတိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ဘူတာပေါင်း ၈၉၃ ဘူတာအထိ ရှိနေပြီ ဖြစ်ကြောင်း၊ မီးရထားဖြင့် ခရီးသည်၊ ကုန်စည် သယ်ယူပို့ဆောင်ပေးနိုင်မှု နှုန်းထားကို ကြည့်လျှင်လည်း ယခင်ကတစ်နှစ်လျှင် ခရီးသည် ၃၆ သန်းကျော်၊ ကုန်စည် တန်ချိန် တစ်သန်းကျော်ရှိခဲ့ရာမှ ယခုဆိုလျှင် ခရီးသည် ၇၃ သန်းကျော်၊ ကုန်စည်တန်ချိန် သုံးသန်းကျော်အထိ ဝန်ဆောင်မှုများ တိုးတက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ယခင်က မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမှ တောင်ဘက် ရန်ကုန်၊ ရေးမြို့အထိ ရထားလမ်းကြီး တစ်ခုတည်းသာရှိခဲ့ပြီး အရှေ့ဘက်သွားလျှင် လားရှိုး၊ အနောက်ဘက်သွားလျှင် ပြည်မြို့တို့သာရှိခဲ့ကြောင်း၊ ယနေ့ဆိုလျှင် မြောက်မှတောင်သို့ အလျားလိုက် သွယ်တန်းဖောက်လုပ်ထားသည့် ရထားလမ်းများ အပြိုင်အဆိုင်ထွက်ပေါ်လာနေပြီ ဖြစ်သကဲ့သို့ အနောက်ဘက်အစွန်ဖျား စစ်တွေ၊ အရှေ့ဘက်အစွန်ဖျား ကျိုင်းတုံနှင့် အောက်ဘက်အစွန်ဖျား မြိတ်အထိ ရထားလမ်းပေါက်အောင် ဖောက်လုပ်ပေးနေပြီဖြစ်ကြောင်း၊ ထို့အပြင် ရိုးမဖြတ်ကျော် ရထားလမ်းများ အပါအဝင် အရှေ့-အနောက် ကန့်လန့်ဖြတ် ရထားလမ်းများကိုလည်း ဖောက်လုပ်ပေးလျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်အစိုးရက ဖောက်လုပ်လျက်ရှိသည့် ရထားလမ်းများမှာ-

(က) ကြံခင်း-ပခုက္ကူရထားလမ်း
(ခ) ကသာ-ဗန်းမော်ရထားလမ်း
(ဂ) မိုးနဲ-ကျိုင်းတုံ ရထားလမ်း
(ဃ) ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း
(င) ထားဝယ်-မြိတ်ရထားလမ်း
(စ) မင်းဘူး-အမ်း-စစ်တွေရထားလမ်း
(ဆ) ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်ရထားလမ်း
(ဇ) ပြည်(ရွှေတံခါး)-တောင်ငူ-ကျေးတော-နေပြည်တော်ရထားလမ်း
(ဈ) ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်းရထားလမ်း
(ည) နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်း
(ဋ) မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ- လဲချား-နမ့်စန်ရထားလမ်း
(ဌ) မုံရွာ-ယာကြီး-ကလေးဝ-ကလေး ရထားလမ်းနှင့်
(ဍ) တောင်ငူ-ယာသို-လွိုင်ကော် ရထားလမ်း

စသည့် ရထားလမ်းစီမံကိန်း ၁၃ ခုကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဖောက်လုပ်နေကြောင်း၊ အချို့မီးရထားလမ်းပိုင်းများကိုလည်း ဖောက်လုပ်ပြီးစီးသရွေ့ အပိုင်းလိုက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဤမီးရထားလမ်းများ အားလုံးဖောက်လုပ်ပြီးစီးသွားပြီဆိုလျှင် မြန်မာနိုင်ငံတွင် အရှေ့-အနောက်-တောင်-မြောက် အရပ်လေးမျက်နှာ၌ ထက်အောက်၊ ဝဲယာ အလွယ်တကူသွားလာဆက်သွယ်နိုင်သည့် အမျိုးသားမီးရထားလမ်းကွန်ရက်ကြီး ပေါ်ပေါက်လာတော့မည် ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှု-စီးပွားဘဝကို မြှင့်တင်ပေးနိုင်မည့် မီးရထားလမ်းစကြီးကြီးအဖြစ်လည်း ရောက်ရှိလာတော့မည်ဖြစ်ကြောင်း။

ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ဟန်ချက်ညီညီတိုးတက်လာစေရန်အတွက် မီးရထားလမ်းများ သာမက မဟာဗျူဟာလမ်းမကြီးများ၊ မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများနှင့် နယ်စပ်လမ်းများ အပါအဝင် မော်တော်ကားလမ်း ကွန်ရက်များကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနအသီးသီးက ဖောက်လုပ်ပေးလျက်ရှိရာတွင် တစ်ချိန်က နိုင်ငံတစ်ဝန်းလုံး၌ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်း ကားလမ်းအရှည် မိုင်ပေါင်းသည် တစ်သောင်းကျော်သာရှိခဲ့ရာမှ ယခုဆိုလျှင် မိုင်ပေါင်းရှစ်သောင်းကျော်အထိ ရှိနေပြီဖြစ်သည့်အတွက် မိုင်ပေါင်း ခြောက်သောင်းကျော် ထပ်မံတိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ မော်တော်ကားလမ်း၊ မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းနှင့်အတူ တစ်ချိန်တည်းမှာပင် မြစ်ကူး၊ ချောင်းကူး တံတားကြီးများကို တစ်ဆက်တစ်စပ်တည်း တည်ဆောက်ပေးခဲ့ရာတွင် ယခင်က တံတားကြီး/ငယ်ပေါင်း ကိုးထောင်ကျော်သာ ရှိခဲ့ရာမှ ယခုဆိုလျှင် နှစ်သောင်းတစ်ထောင်ကျော် ရှိနေပြီဖြစ်သည့်အတွက် တံတားကြီး/ငယ်ပေါင်း တစ်သောင်းနှစ်ထောင်ကျော် တိုးတက်လာခဲ့ကြောင်း။

ကုန်းကြောင်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ တိုးတက်လာသကဲ့သို့ပင် လေကြောင်းပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေး အခြေခံအဆောက်အအုံများကိုလည်း ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်နှင့်အညီ စနစ်တကျ အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ရာတွင် ယခင်က ပြည်တွင်းပြည်ပ ပျံသန်းပြေးဆွဲနေသည့် လေကြောင်းလိုင်း တစ်လိုင်း၊ လေယာဉ်စင်းရေ ၁၁ စင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် လေကြောင်းလိုင်း ငါးလိုင်း၊ လေယာဉ်စင်းရေ ၂၈ စင်းအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ပြေးလမ်းများ တိုးချဲ့ပေးခြင်း စသည့် ခေတ်မီအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်အတန်းသည်လည်း မြင့်မားလာခဲ့ကြောင်း၊ ပြည်တွင်းခရီးသည် ပို့ဆောင်ပေးနိုင်မှု အနေအထားသည် ယခင်က တစ်နှစ်လျှင် ခရီးသည် နှစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုဆိုလျှင် ခရီးသည် ရှစ်သိန်းကျော်အထိ တိုးတက်လာခဲ့သကဲ့သို့ ပြည်ပခရီးသည် ပို့ဆောင်ပေးနိုင်မှုသည်လည်း ယခင်က တစ်နှစ်လျှင် ခရီးသည် ငါးသောင်းကျော်သာ ရှိခဲ့ရာမှ ယခုဆိုလျှင်ခရီးသည် ခုနစ်သိန်းကျော်အထိ တိုးတက်လာခဲ့ကြောင်း။

အလားတူပင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင်လည်း တစ်ချိန်က ဆိပ်ခံတံတားပေါင်း ၉၂ စင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ၁၀၄ စင်းအထိ ရှိလာပြီးဖြစ်သကဲ့သို့ ကုန်းတွင်း ကုန်သေတ္တာစခန်း သုံးခုလည်း တိုးတက်လာခဲ့ပြီးဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားများသည်လည်း ယခင်က ၁၃ စင်းသာရှိခဲ့ရာမှ ယခုအချိန်တွင် ၂၆ စင်းအထိ ရှိလာခဲ့သကဲ့သို့ ခေတ်မီကုန်စည် ကိုင်တွယ်မှုဆိုင်ရာ နည်းစနစ်များနှင့် ပစ္စည်းကိရိယာများ နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာစခန်းများလည်း တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

တိုင်းပြည် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှု အပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအနှံ့ တောင်ပေါ်မြေပြန့်မကျန် ဘက်စုံကဏ္ဍစုံတွင် တည်ဆောက်ပြုပြင်နိုင်ခဲ့သည့်အတွက် ယနေ့ နိုင်ငံတော်၏ အခြေအနေသည် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်ကို ရောက်ရှိ လာနေပြီဖြစ်ကြောင်း၊ အရှိန်အဟုန်ကောင်းမွန်စွာရရှိနေပြီဖြစ်သည့် ဤအခြေခံကောင်းများကို တန်ဖိုးရှိရှိ အသုံးချပြီး မိမိတို့၏ လူမှု-စီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးအတွက် အလုပ်ကို ကြိုးစားလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း။

အခြေခံကောင်းများ ရရှိထားပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ပြီး တစ်ချိန်တည်းမှာပင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံ ကောင်းမွန်ခြင်းသည် စက်မှုနိုင်ငံ ထူထောင်ရာတွင် မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အထူးအလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ အချိန်အခါတွင် ထိုက်သင့်သည့် အခြေခံကောင်းများကို တစ်နိုင်ငံလုံးအနှံ့ ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဤအခြေခံကောင်းများကို ယနေ့နိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်ပါ အမွေခံကောင်းများဖြစ်အောင် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မိမိတို့ နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်း ပြောကြားလိုကြောင်း၊ မိမိတို့လက်ထက်တွင် ယခုကဲ့သို့ အရှိန်အဟုန်ဖြင့် တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများ လက်ထက်တွင်လည်း အရှိန်အဟုန်မပျက် ဆက်လက် တည်ဆောက်သွားကြမည်ဆိုလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာမည်မှာ သေချာကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနေသကဲ့သို့ ပြည်သူအများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လာမည့် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပ ပြုလုပ်တော့မည် ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံအတည်ပြုပေးထားပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကျင်းပပြုလုပ်တော့မည့် ဤရွေးကောက်ပွဲကြီး အောင်မြင်စေရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဤရွေးကောက်ပွဲကြီးသည် စနစ်တစ်ခုမှ စနစ်တစ်ခုကို ပြောင်းလဲသည့် အရေးကြီးသည့်လုပ်ငန်းစဉ်ကြီး ဖြစ်သကဲ့သို့ ပြည်သူအားလုံး၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်လည်း ပတ်သက်ဆက်နွှယ်နေသည့်အတွက် ရွေးကောက်ပွဲပျက်ပြားအောင် ကြံစည်လုပ်ဆောင်နေသည့် အဖျက်လုပ်ရပ်မှန်သမျှကို ပြည်သူအားလုံးက ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလွင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေး ခံယူချက်အဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂) ရပ်နှင့်အညီ **“အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး”**ကို ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်း တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးသည်လည်း အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲက **“ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း ဆက်သွယ်တဲ့လမ်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုပတ်ဝန်းကျင်ကိုပါ မြှင့်တင်နိုင်ကြောင်း”** လမ်းညွှန်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို အခြေခံပြီး နိုင်ငံတော်၏ ပံ့ပိုးမှုတို့ဖြင့် အဆင့်ဆင့်သော စီမံချက်များချမှတ်၍ မိမိတို့တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွက် ယနေ့ဆိုလျှင် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက် ပြောင်းလဲမှုများကို ဒေသခံမိဘပြည်သူများ မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခံစားနေရပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်းမှုနှင့်အညီ လမ်းပန်းဆက်သွယ်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးတွင် ရှိပြီးဖြစ်သည့် ပုသိမ်-ကြံခင်း ရထားလမ်းကို ကြံခင်းမှပခုက္ကူအထိ အရှည်မိုင် ၃၂၀ ရှိသည့် ရထားလမ်းမကြီးအဖြစ် ဆက်စပ်ဖောက်လုပ်ခြင်းဖြင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းမကြီးအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယနေ့တွင် ဤရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရှည်မိုင် ၂၃ ဒသမ ၀၈ မိုင်ရှိသည့် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းသစ်ကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား ဝန်ထမ်းများက ထပ်မံဆက်စပ် ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အောင်ပွဲနေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ရမည်ပင် ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းသစ်သည် ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး၌ အသစ်ထပ်မံဖွင့်လှစ်နိုင်ခဲ့သည့် ရထားလမ်းပိုင်းသစ် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ကြောင်း။

ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက မကွေးတိုင်းဒေသကြီးမှ ဒေသထွက်ကုန် ပစ္စည်းများကို ရထားလမ်းဆက်စပ်ရာ တိုင်းဒေသကြီးများနှင့် မြို့နယ်များသို့ ရထားဖြင့် စရိတ်စကသက်သာစွာ သယ်ယူပို့ဆောင်နိုင်တော့မည်ပင် ဖြစ်ကြောင်း။

ဤသို့ နိုင်ငံတော်၏ စေတနာထားဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ်သောဇွဲ၊ လုံ့လတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို **“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး”** အဖြစ် ရောက်ရှိစေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်အတွက် တစ်ခန်းတစ်ကဏ္ဍက ပါဝင်ဆောင်ရွက် လျက်ရှိကြောင်း။

ယနေ့ အခမ်းအနားသည် မကွေးတိုင်းဒေသကြီးတွင် ပါဝင်သည့် ဆိပ်ဖြူနှင့် ဆင်ဖြူကျွန်းမြို့များကို ဆက်စပ်ဖောက်လုပ်ထားသည့် အရှည် ၂၃ ဒသမ ၀၈ မိုင်ရှိ ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားပင်ဖြစ်ကြောင်း။

ဤရထားလမ်းပိုင်းသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ၏ အဓိကကျောရိုး လမ်းမကြီးဖြစ်လာမည့် ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ ဤရထားလမ်းပိုင်းကို ၂၈-၈-၂၀၀၇ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဖောက်လုပ်ချိန် သုံးနှစ်နှင့် တစ်လကြာခဲ့ကြောင်း၊ ဤရထားလမ်းပိုင်းတွင် အများဆုံး ကွေ့ဒီဂရီ ၉ ဒီဂရီ၊ ကွေ့ပေါင်း ၃၇ ကွေ့နှင့် အများဆုံး ဆင်ခြေလျှောမှာ ၁း၁၀၀ ဖြစ်ကြောင်း၊ မြေကြီးကျင်းပေါင်း ၅၈၂၂၀၀ ကျင်း ဆောင်ရွက်ခဲ့ရပြီး တံတား ကြီး/ငယ်စုစုပေါင်း ၇၉ စင်း ပါဝင်ပါကြောင်း၊ တညောင်ဘူတာ၊ နတ်တပ်ဘူတာ၊ ကုက္ကိုတန်းဘူတာ၊ ဆင်ဖြူကျွန်းဘူတာ လေးဘူတာလည်း ပါဝင်တည်ဆောက် ထားကြောင်း။

ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက မကွေးတိုင်းဒေသကြီးမှ ဒေသထွက်ကုန် ပစ္စည်းများကို ရထားလမ်းဆက်စပ်ရာ တိုင်းဒေသကြီးများနှင့် မြို့နယ်များသို့ ရထားဖြင့် စရိတ်စကသက်သာစွာ သယ်ယူပို့ဆောင်နိုင်တော့မည်ပင် ဖြစ်ကြောင်း။

ဤသို့ နိုင်ငံတော်၏ စေတနာထားဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ်သောဇွဲ၊ လုံ့လတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး"** အဖြစ် ရောက်ရှိစေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်အတွက် တစ်ခန်းတစ်ကဏ္ဍက ပါဝင်ဆောင်ရွက် လျက်ရှိကြောင်း။



ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း မိုင် ၃၂၀ တွင် ကြံခင်းမှ မင်းဘူးထိ ၁၈၈ ဒသမ ၄ မိုင်၊ ဆိပ်ဖြူမှ ဒေါင်းသာထိ ၂၂မိုင်၊ ကျွန်းချောင်းမှ ပခုက္ကူအထိ ၂၇ မိုင်နှင့် ယနေ့ ဖွင့်လှစ်မည့် ဆိပ်ဖြူမှ ဆင်ဖြူကျွန်းထိ ၂၃ ဒသမ ၀၈ မိုင်အပါအဝင် စုစုပေါင်း ၂၆၀ ဒသမ ၄၈ မိုင်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် ကျန်ရှိသည့် စုစုပေါင်း ၅၉ ဒသမ ၅၂ မိုင် ကိုလည်း ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရထားပို့ဆောင်ရေးရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့မှ ဦးတင်စိုးက ဆိပ်ဖြူ-ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့က ဆိပ်ဖြူ-ဆင်ဖြူကျွန်းရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများက နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးချုပ်သည် အထူးရထားဖြင့် ချင်တောင်ဘူတာအထိ လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများက ဝမ်းပန်းတသာ လှိုက်လှဲစွာဖြင့် လက်များဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ် ဖောက်လုပ်လျက်ရှိသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတွင် ပါဝင်ပြီး လမ်းအရှည် ၂၃ ဒသမ ၀၈ မိုင်ရှိသည်။

လမ်းပိုင်းတွင် အရှည် ၇၄၄ ပေရှိမြေနုချောင်းတံတားအပါအဝင် တံတားပေါင်း ၇၉ စင်း တည်ဆောက်ထားပြီး ဘူတာ လေးဘူတာနှင့် ရပ်စခန်းဘူတာ နှစ်ဘူတာတို့ ပါဝင်သည်။

ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၁၀ ရက် မှ ၁၂ ရက်အထိ သုံးရက် အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဖီဂျီကျွန်းသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၀ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သော ဖီဂျီကျွန်းသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဖီဂျီကျွန်းသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Ratu Inoke Kubuabola ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



**တိုင်းမှူးဗိုလ်မှူးချုပ်ရဲအောင်၊ တိုင်းမှူးဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး ဦးအောင်မင်းနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့ ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

ယနေ့ အခမ်းအနားသည် မကွေးတိုင်းဒေသကြီးတွင် ပါဝင်သည့် ဆိပ်ဖြူနှင့် ဆင်ဖြူကျွန်းမြို့များကို ဆက်စပ်ဖောက်လုပ်ထားသည့် အရှည် ၂၃ ဒသမ ၀၈ မိုင်ရှိ ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားပင်ဖြစ်ကြောင်း။

ဤရထားလမ်းပိုင်းသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ၏ အဓိကကျောရိုး လမ်းမကြီးဖြစ်လာမည့် ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ ဤရထားလမ်းပိုင်းကို ၂၈-၈-၂၀၀၇ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဖောက်လုပ်ချိန် သုံးနှစ်နှင့် တစ်လကြာခဲ့ကြောင်း၊ ဤရထားလမ်းပိုင်းတွင် အများဆုံး ကွေ့ဒီဂရီ ၉ ဒီဂရီ၊ ကွေ့ပေါင်း ၃၇ ကွေ့နှင့် အများဆုံး ဆင်ခြေလျှောမှာ ၁း၁၀၀ ဖြစ်ကြောင်း၊ မြေကြီးကျင်းပေါင်း ၅၈၂၂၀၀ ကျင်း ဆောင်ရွက်ခဲ့ရပြီး တံတား ကြီး/ငယ်စုစုပေါင်း ၇၉ စင်း ပါဝင်ပါကြောင်း၊ တညောင်ဘူတာ၊ နတ်တပ်ဘူတာ၊ ကုက္ကိုတန်းဘူတာ၊ ဆင်ဖြူကျွန်းဘူတာ လေးဘူတာလည်း ပါဝင်တည်ဆောက် ထားကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ **"နိုင်ငံတစ်ဝန်းတန်းတူဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အခြေခံ၍ အမျိုးသားမီးရထားကွန်ရက် (National Railway Net Work)"**ကို တည်ဆောက်လျက်ရှိကြောင်း။

**ကြိုးပမ်းလျက်ရှိ**

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းဒေသအားလုံးဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများပိုမိုတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ဆောက်လုပ်ပြုပြင်ခြင်း စသည့်

ဆင်ဖြူကျွန်း ရထားလမ်းပိုင်းကို ဖောက်လုပ်ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူဘူတာရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့်

ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအထိမ်းအမှတ်မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးများနှင့် ဝန်ကြီးများက မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

**လက်ဆောင်ပေးအပ်**

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး အထူးရထားဖြင့် လိုက်ပါစီးနင်းမည့် ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

# မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီခြောက်ခု စာချုပ် ချုပ်ဆို

နေပြည်တော် အောက်တိုဘာ ၉

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၇ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီခြောက်ခုဖြစ်သော Bawa Trading Private Ltd.၊ Gunkul Engineering Public Co.,Ltd.၊ Supplier Global Pte.,Ltd.၊ Myanma Power Spectrum Co.,Ltd.၊ United National Oil & Gas Pte.,Ltd.(UNOG)နှင့် The Union of Myanmar Economic Holding Limited တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။**

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီခြောက်ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Myanma Power Spectrum Co.,Ltd.အုပ်ချုပ်မှုဒါရိုက်တာ ဦးညီညီလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီခြောက်ခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများက လှိုင်မြစ်ကျော်(အလုံ)၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း၊ လှိုင်သာယာ - အလုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ လှိုင်သာယာပင်မ ဓာတ်အားခွဲရုံ စီမံကိန်းများ၏ လိုအပ်သောပစ္စည်းများ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီခြောက်ခု စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

## ဝန်ကြီး ဦးဌေးဦး အစ္စရေးနိုင်ငံသို့ သင်တန်းတက်ရောက်ရန် သွားရောက်ကြမည့် သင်တန်းသားများအား တွေ့ဆုံ

**နေပြည်တော် 　 အောက်တိုဘာ 　 ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် အောက်တိုဘာ ၅ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ အစ္စရေးနိုင်ငံ Arava International Center for Agricultural Training(AICAT) ဒီပလိုမာသင်တန်းသို့ စာတွေ့လက်တွေ့ ၁၀ လကြာ သင်တန်းတက်ရောက်ကြမည့် ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများနှင့် စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံများမှ ထူးချွန်သူ သင်တန်းသား ၄၅ ဦးတို့အားတွေ့ဆုံ၍ သင်တန်းတွင် ထူးချွန်ထက်မြက်အောင် ကြိုးစားကြရန်နှင့် အကျိုးရှိသည့် လုပ်ငန်းအတွေ့အကြုံများကို မှတ်သားရယူပြီး မိမိနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံ့ဂုဏ်ကို ထိန်းသိမ်းကြရန် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## ဝန်ထမ်းအိမ်ရာစိုက်ခင်းများ ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် 　 အောက်တိုဘာ 　 ၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယမန်နေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်တို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ဝန်ထမ်းမိသားစုများ၏ သီးပင်၊ စားပင်၊ ပန်းအလှပင်၊ အရိပ်ရ လေကာပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာသပ်ရပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဝန်ထမ်းအိမ်ရာရှိ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၀-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ 　 ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ 　 ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ 　 ၃။ နံနက်ခင်းသတင်း
- ၇း၄၀ 　 ၄။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ 　 ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ 　 ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ 　 ၇။ အကပြိုင်ပွဲ
- ၈း၁၅ 　 ၈။ "ပြည်သူများလွန်အားထားသယု(ပဲပဒို့) ကြိုးတံတား"
- ၈း၂၀ 　 ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ 　 ၁၀။ International News
- ၈း၄၅ 　 ၁၁။ "ချစ်တတ်ကြရအောင်"
- ၉း၀၀ 　 ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ 　 ၁။ စစ်သည်တေး
- ၁၁း၁၀ 　 ၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၅၀)**
- ၁၂း၁၀ 　 ၃။ Golf Magazine(TV)
- ၁၂း၄၀ 　 ၄။ **မြန်မာရုပ်ရှင် "ပယင်းရောင်" (ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်း) (ဒါရိုက်တာ-ခင်စိုး)**
- ၃း၀၀ 　 ၅။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၄၅ 　 ၁။ Myanmar National League MNL 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ဥဿာယူနိုက်တက်အသင်းနှင့် Delta Unitedအသင်း]
- ၅း၄၅ 　 ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ 　 ၃။ ညနေခင်းသတင်း
- ၆း၁၅ 　 ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ 　 ၅။ **ကာတွန်းအစီအစဉ်** "BUGS' ADVENTURES" **(အပိုင်း-၃၂)**
- ၆း၃၅ 　 ၆။ **တစ်မျက်နှာတစ်ကွက်စာ "အတူတူပါပဲ" (မိုးထက်ပိုင်၊ ရန်နိုင်၊ ဖြိုးပိုပို) [ဒါရိုက်တာ-မေတင်(MMG)]**
- ၇း၀၀ 　 ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၂၂)**
- ၈း၀၀ 　 ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၆၅)
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁)**
- ၁၄။ အစီအစဉ်ပြီး၏။

## နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၇၇၇) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် 　 အောက်တိုဘာ 　 ၉**

ကမ္ဘာတစ်ဝန်းမှ သတင်းဖြစ်ရပ်များကို စိတ်ဝင်တစား ဖတ်ရှုလေ့လာကြသူ နိုင်ငံတကာသတင်းပရိသတ်များအတွက် နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၇၇၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆရာကိုကိုလှိုင်၏ အမေရိကန်တို့အတွက် အကြာဆုံးစစ်ပွဲ၊ ဆရာ MMA ၏ တရုတ်၏ငွေကြေးဆိုင်ရာဗျူဟာ နိုင်ငံအများအတုယူ စသည့် မျက်နှာဖုံး သတင်းဆောင်းပါးများအပြင် ဗင်နီဇွဲလားတွင် အီးတီအေသူပုန်များကို လေ့ကျင့်ပေးခဲ့သည်ဆိုမှု၊ အစ္စရေးဝယ်ယူမည့် အမေရိကန် ဂျက်တိုက်လေယာဉ် အစင်း ၂၀၊ ပင်တဂွန်က စီစဉ်နေသည့် သမိုင်းတွင်မည့် လက်နက်ရောင်းချမှု၊ အာဖဂန်စစ်ဘက်နှင့် ရဲအဖွဲ့တွင် တာလီဘန်များ အယောင်ဆောင်အမှုထမ်းနေ၊ ပါကစ္စတန်နယ်စပ်မြို့မှ ခိုးရာပါ စစ်ပစ္စည်းဈေးကွက်၊ ဖက်ရှင်ဝတ်စုံဖြင့် လွှတ်တော်၌ ဓာတ်ပုံအရိုက်ခံသူ၊ အတွင်းမွန်ဂိုလီးယား၌လည်း ယူအက်ဖ်အို တွေ့ပြန်၊ ကြက်သွန်နီစားခြင်းက နှလုံးရောဂါကို လျှော့ချနိုင်၊ ပုခက်အတွင်းမှ ကလေးငယ်ကို မျောက်တစ်ကောင်က ခိုးယူပြီး အိမ်ခေါင်မိုးပေါ်မှ ပစ်ချမှု၊ ဥရောပမြို့ကြီးများကို ပါကစ္စတန်အခြေစိုက် အကြမ်းဖက်ဝါဒီများ တိုက်ခိုက်မည်ဆိုလျှင်၊ နာဆာက တီထွင်နေသည့် တစ်ယောက်စီးယာဉ်ပျံ၊ အစ္စရေး-ပါလက်စတိုင်းဆွေးနွေးပွဲ၏ အဖုအထစ်များ၊ အမေရိကန်နိုင်ငံသားများ ဥရောပသို့ သွားရောက်လည်ပတ်ပါက သတိကြီးစွာထားရန်လို၊ မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသတွင်တွေ့ရသော ရှားပါးသတ္တဝါနှင့် အပင်မျိုးစိတ်သစ်များ၊ ရွှံ့မီးတောင်မှ အနည်အနှစ်များ စုပုံလာမှုကြောင့် အရှေ့ဂျာဗားရှိ မြို့ကြီးတစ်မြို့ ရေလွှမ်းမိုးနိုင်စသည့် စိတ်ဝင်စားဖွယ် နိုင်ငံတကာသတင်းများ၊ အားကစားသတင်းဆောင်းပါးများဖြင့် လှလှပပ ဝေဝေဆာဆာ ကြိုးစားတင်ဆက်ထားသည်။

နိုင်ငံတကာသတင်းဂျာနယ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေလျက်ရှိပြီး ကြော်ငြာထည့်သွင်းလိုသူများ၊ ဂျာနယ် လပေးမှာယူလိုသူများ၊ ကိုယ်စားလှယ်ယူလိုသူများ အမှတ်(၇၇)၊ မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၉၁၈၃၃ သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

## ၁၉၇၅-၁၉၉၈ ပြည် GTI အာစရိယပူဇော်မည်

**ရန်ကုန် 　 အောက်တိုဘာ 　 ၉**

ပြည် GTI ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပရေး ညှိနှိုင်းဆွေးနွေးရန်အတွက် အောက်တိုဘာ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ တွင် ရန်ကုန်ရွှေကျင်ကျောင်းတိုက် ဓမ္မာရုံ ကြားတောရလမ်းသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)




## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် 　 အောက်တိုဘာ 　 ၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင်နှင့်အဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောပြီး**(အပေါ်ပုံ)** ယာဉ်မတော်တဆမှုကြောင့် ခြေလက်မသန်စွမ်း ဖြစ်ခဲ့ရသူ ဒေါ်ကျင်လှိုင်က ယင်း၏ခံစားချက်နှင့်ယှဉ်၍ ယာဉ်စည်းကမ်း လိုက်နာကြရေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

**စစ်ကိုင်း 　 အောက်တိုဘာ 　 ၉**

စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးနှင့် စစ်ကိုင်းခရိုင် စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၅ရက် မွန်းလွဲ ၂ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းခရိုင် စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ စစ်ကိုင်းမြို့ပေါ် ၁၈ ရပ်ကွက်မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးတို့က အဖွင့်မှာစကားပြောကြားကြသည်။ ထို့နောက် စစ်ကိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်ညွန့်က ကော်မရှင်လုပ်ငန်းတာဝန်များဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးက ပြည်သူများ ဆန္ဒမဲပေးခြင်း အဆင့်ဆင့်အလိုက် သရုပ်ပြသမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ (၅၃၁)

## အလက(၁)ဒဂုံ (ယခင် အမက-၅ ဒဂုံ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် 　 အောက်တိုဘာ 　 ၉**

အလက(၁)ဒဂုံ (ယခင် အမက-၅ ဒဂုံ)၌ ၁၉၈၃-၁၉၈၄ ပညာသင်နှစ်မှ ယခုအထိ ပညာသင်ကြားပေးခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ကောင်းသုတခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လိုသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် အလက(၁)ဒဂုံ ဖုန်း-၂၅၃၄၃၄၊ ဒေါ်လှလှကြည် ဖုန်း-၅၀၅၉၇၉၊ ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၀၉-၅၀၃၄၁၃၂၊ ဒေါ်ဌေးဌေးကြွယ် ဖုန်း-၇၂၁၄၂၀၊ ဒေါ်အေးအေး ဖုန်း-၀၉-၅၁၅၇၁၄၉၊ မထူးထူးလွင် ဖုန်း-၂၁၀၈၆၀၊ မောင်သူရဦး ဖုန်း-၀၉-၅၁၅၁၂၁၁၊ မောင်ဝေဖြိုးအောင် ဖုန်း-၀၉-၅၅၀၃၆၉၁နှင့် မောင်ဟိန်းဇွဲ ဖုန်း-၀၉-၈၀၂၂၆၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အလက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောဩဂတ်စတင်းက ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဆရာမကြီးနှင့် ဆရာမများအား ဂုဏ်ပြုချီးမြှင့်သည့် ဝတ်စုံများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်စဉ်။** (၆၁)

### ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



## စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ဘိုကလေး 　 အောက်တိုဘာ 　 ၉**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ဘိုကလေးမြို့နယ် သက်ံဝကျေးရွာရှိ ဧကတစ်ထောင် စံပြစိုက်ခင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်၊ မြို့နယ်အတွင်းရေးမှူး ဒေါ်စန္ဒာအေး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ထွန်းနှင့် ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ငါးခုံးမကြီးကောင်ရေ ၁၂၅၀၀၀ ကို စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၆၈)

# အိမ်ကွင်းအဖွင့်ပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရခဲ့သည့် ဇေယျာရွှေမြေ

**သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

မုံရွာ အောက်တိုဘာ ၉

**စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာရွှေမြေအသင်း၏ အိမ်ကွင်းဖြစ်သည့် မုံရွာကွင်းသစ်ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၈)ကို ယနေ့ညနေပိုင်းက မုံရွာကွင်း၊ တောင်ကြီးမြို့ရှိ KBZ ကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပသည်။**

မုံရွာကွင်းသစ် ဖွင့်ပွဲအခမ်းအနားတွင် မွန်းလွဲ ၁နာရီခွဲမှစ၍ စတူဒီယိုတေးသံရှင်များဖြစ်သည့် မျိုးကျော့မြိုင်၊ ဟန်ထွန်း၊ ညီနန္ဒ၊ ဟဲလေး၊ နန္ဒစိုင်း၊ မေခလာ၊သျှီ၊ ဂျင်းနီ၊ စန္ဒီမြင့်လွင်၊ Nကိုင်ရာ၊ ဆုပန်ထွာ၊ ခင်လေးနွယ်၊ ဂဏ္ဍဝင်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ရဲမှူးကြီး သူရတင်လှ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဇေယျာရွှေမြေအသင်း ဥက္ကဋ္ဌ ဦးသူရိန်တို့က မုံရွာကွင်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဂင်းနောက် ပွဲဦးထွက်ယှဉ်ပြိုင်ကစားကြမည့် ဇေယျာရွှေမြေအသင်းနှင့် မနောမြေအသင်းတို့အား အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ရဲမှူးကြီး သူရတင်လှ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဇေယျာရွှေမြေအသင်းပိုင်ရှင် ဦးဝင်းမြင့်၊ ဥက္ကဋ္ဌ ဦးသူရိန်၊ မနောမြေအသင်း CEO ဦးအောင်နိုင်စိုးတို့က လိုက်လံနှုတ်ဆက်ကြသည်။



ဇေယျာရွှေမြေတိုက်စစ်မှူး ဗစ်တာ ပထမဂိုးသွင်းယူစဉ်။

**(မုံရွာကွင်း)**

**ဇေယျာရွှေမြေ - သုံးဂိုး**
(ဗစ်တာ-နှစ်ဂိုး၊ ဒီယေဂို)
**မနောမြေ - ဂိုးမရှိ**

အိမ်ကွင်းအဖွင့်ပွဲစဉ်တွင် အိမ်ရှင်ဇေယျာရွှေမြေအသင်း ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရသွားသည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် ဇေယျာရွှေမြေအသင်းမှာ ရမှတ် ၃၅မှတ်ဖြင့် ဒုတိယနေရာရောက်လာခဲ့ပြီး ချန်ပီယံမျှော်လင့်ချက်များ ရှင်သန်လာခဲ့သည်။

ဇေယျာရွှေမြေအသင်းမှာ အောက်တိုဘာ ၁၃ ရက်တွင် ရှုံးထွက်ပြိုင်ပွဲယှဉ်ပြိုင်ကစားရန်ရှိသော်လည်း ချန်ပီယံမျှော်လင့်ချက်အတွက် လူစုံထုတ်ကစားသွားသည်။ ပွဲအစပိုင်းတွင် ဇေယျာရွှေမြေအသင်းမှာ အိမ်ရှင်ပရိသတ်၏ ကွင်းလုံးပြည့် အားပေးမှုနှင့်အတူ အချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့သည်။ နှစ်မိနစ်မှာပင် ဇေယျာရွှေမြေတိုက်စစ်မှူး အီတလီမှ ဗစ်တာက အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ၁၀ မိနစ်တွင် ဒီယေဂိုက ထောင့်ဖြတ်ကန်သွင်းကာ ဇေယျာရွှေမြေအတွက် ဒုတိယဂိုးရယူပေးခဲ့သည်။ မနောမြေအသင်းတိုက်စစ်အား ပြန်တင်လာသော်လည်း ဇေယျာရွှေမြေအသင်းက ထိန်းချုပ်နိုင်ခဲ့ပြီး တတိယအနိုင်ဂိုးကို ပထမပိုင်းပြီးခါနီးတွင် ဗစ်တာကပင် သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဇေယျာရွှေမြေအသင်းကပင် ဖိကစားသွားသော်လည်း အဆုံးသတ် အားနည်းခဲ့သောကြောင့် ဂိုးထပ်မရခဲ့ပေ။ ချန်ပီယံမျှော်လင့်ချက်ရှိသော ဇေယျာရွှေမြေ၊ ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ နိုင်ပွဲကိုယ်စီရရှိခဲ့၍ လက်ကျန်ပွဲများမှာ ပိုမိုအကြိတ်အနယ်ရှိလာတော့မည်ဖြစ်သည်။ ယနေ့ ဗထူးကွင်း၌ ကစားရန်စီစဉ်ထားသည့် ရတနာပုံနှင့် မကွေးပွဲစဉ်မှာ ဗထူးကွင်းအတွင်း ရေကြီးမှုဖြစ်ပေါ်နေသဖြင့် ရက်ရွှေ့ပြောင်း ကျင်းပမည်ဖြစ်သည်။



အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် တာဝန်ရှိသူများ မုံရွာကွင်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

**(KBZ ကွင်း)**

**ကမ္ဘောဇ - နှစ်ဂိုး**
(ခင်မောင်လွင်နှင့် စထက်နိုင်ဝင်း)
**နေပြည်တော် - ဂိုးမရှိ**

**(သုဝဏ္ဏကွင်း)**

**ရန်ကုန်ယူနိုက်တက် - ခုနစ်ဂိုး**
(ချာလက်စ်အိုဘီ-သုံးဂိုး၊ လီယိုနာဒို-နှစ်ဂိုး၊ မျိုးမင်းထွန်း၊ ကျော်သူရ - တစ်ဂိုးစီ)
**ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ**

**ယနေ့ပွဲ**
(သုဝဏ္ဏကွင်း)
**ဥဿာယူနိုက်တက် - Delta**

# TMW Enterprise Limited ၏ WAI YAN (2) Electronic & IT SHOP ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

TMW Enterprise Limited ၏ WAI YAN (2) Electronic & IT SHOP ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ ဆိုင်တည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းအမှတ် (၉၀)၌ ကျင်းပသည်။

အဆိုပါ WAI YAN (2) Electronic & IT SHOP တွင် အိမ်သုံး Electronic ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ထမင်းပေါင်းအိုး၊ Air Con, blender များ၊ မီးပူနှင့် Freezer ၊ Home Entertainment ဖြစ်သည့် TV,DVD,EVD နှင့် Home Theater များ၊ I-Coner Counter တွင် i-Phone,i-Pad များ၊ Camera အမျိုးအစားများ၊ Phone Counter တွင် brand စုံလင်သော အိမ်သုံး၊ ရုံးသုံးဖုန်းများ၊ Fax ဖုန်းနှင့် Mobile ဖုန်းများ၊ Sony, LG, T-Home, OTO, Panasonic, Toshiba, Samsung, Sharp, Nikon, Canon, Nokia, HTC, Sony Ericsson စသည့် အီလက်ထရွန်နစ်ပစ္စည်းများ၊ IT နှင့်ပတ်သက်သော Asus, Acer, Msi, View Sonic, Dell, Samsung, Apple, Dicota, Power Logic, Sonic Gear, Lenovo, Transent, Verbatim, Sandisk, Kingston, Bufflo, Hitachi, Motoma, East စသည့် Brand အလိုက် Laptop, Desktop, Scanner, Printer, Computer နှင့် ဆက်စပ်ပစ္စည်းများအပါအဝင် Electronic & IT အမျိုးအစားပေါင်း ၂၀၀၀ ကျော်ကို တစ်နေရာတည်းတွင် သက်သောင့်သက်သာဈေးဝယ်ယူနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

ထို့အပြင် ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ယနေ့မှ အောက်တိုဘာ ၃၁ရက်အထိ ၅၀ရာခိုင်နှုန်း Discount ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဗလာမပါ ကံစမ်းမဲ အစဉ်အစဉ်များ၊ သတင်းစာနှင့် ဂျာနယ်များရှိ ကူပွန်ဖြတ်ပိုင်းယူဆောင်လာသူများအတွက် Laptop ကံစမ်းမဲ အစီအစဉ်များကို စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ (သတင်းစဉ်)



**TMW Enterprise Limited ၏ WAI YAN(2) Electronic & IT SHOP ဆိုင်သစ်တွင် ရောင်းချသော Electronic ပစ္စည်းများကို တွေ့ရစဉ်။**
(သတင်းစဉ်)

# စပိန်၊ ဂျာမနီနှင့် ပေါ်တူဂီတို့နိုင်ပွဲရပြီး အီတလီသရေကျခဲ့သည့် ၂၀၁၂ ဥရောပဖလားခြေစစ်ပွဲများ

**ဝင်းတင် (ကြေးမုံ)**

မဒရစ် အောက်တိုဘာ ၉

**၂၀၁၂ ဥရောပဖလားခြေစစ်ပွဲများကို စနေနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အသင်းကြီးများထဲမှ စပိန်၊ ဂျာမနီနှင့် ပေါ်တူဂီတို့ အသီးသီးနိုင်ပွဲရရှိခဲ့သော်လည်း အီတလီမှာမူ သရေတစ်မှတ်သာရယူနိုင်ခဲ့သည်။**

**ဂျာမနီ ၃-၀ တူရကီ**

နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲလုံးအနိုင်ရထားသည့် ဂျာမနီသည် ယခုပွဲတွင်လည်း ဆက်လက်အနိုင်ရရှိရေးအတွက် ဖိလစ်လမ်း၊ ပိုဒေါစကီး၊အိုဇေးလ်၊ ခီဒီယာ၊ တိုနီခရော့စ်၊ မူလားနှင့် ကလိုဆေးတို့ဖြင့် လူစုံပွဲထုတ်ကစားခဲ့သည်။

ဘောလုံးပိုင်ဆိုင်မှု ၅၆ ရာခိုင်နှုန်းရှိခဲ့သည့် ဂျာမနီသည် တူရကီဂိုးပေါက်ကို ၁၉ ကြိမ်ကန်သွင်းခွင့်ရရှိခဲ့ပြီး ဂျာမနီအတွက် ဂိုးများကို ပွဲချိန် ၄၃ မိနစ်နှင့် ၈၇ မိနစ်တို့တွင် ကလိုဆေးနှင့် ၇၉ မိနစ်တွင် အိုဇေးလ်တို့က သွင်းယူကာ အိမ်ကွင်းတွင် တူရကီကို သုံးဂိုးပြတ်ဖြင့် အနိုင်ရသွားသည်။

**ပေါ်တူဂီ ၃-၁ ဒိန်းမတ်**

ပေါ်တူဂီမြေတွင်ကစားခဲ့သည့် ပေါ်တူဂီနှင့် ဒိန်းမတ်တို့ပွဲတွင် ပေါ်တူဂီက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ပေါ်တူဂီအတွက် ဂိုးများကို ၂၉ မိနစ်နှင့် ၃၁ မိနစ်တို့တွင် နာနီက နှစ်ဂိုးဆက်တိုက် သွင်းယူပေးခဲ့ပြီး တတိယဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် စီရော်နယ်လ်ဒိုက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၉ မိနစ်တွင် ပေါ်တူဂီနောက်ခံကစားသမား ကာဗယ်ဟို ကိုယ့်ဂိုးကိုယ်သွင်းမိရာ ဒိန်းမတ်အတွက် တစ်လုံးတည်းသော ချေပဂိုးရရှိသွားခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းတွင် စီရော်နယ်လ်ဒို၊ အယ်လ်မီဒါ၊ နာနီ၊ မော်တင်ညို၊ ကားလို့စ်မာတင်၊ ပီပီ၊ ကာဗယ်ဟိုစသည့် အမာခံကစားသမားများ ပါဝင်ခဲ့သည်။

**စပိန် ၃-၁ လစ်သူယေးနီးယား**

လစ်သူယေးနီးယားအပေါ် ဘောလုံးပိုင်ဆိုင်မှု ၇၁ ရာခိုင်နှုန်းအထိ အသာစီးရခဲ့သည့် စပိန်တွင် ကာဆီးယက်၊ ပူယိုး၊ ကတ်ဒီဗီလာ၊ ရာမို့စ်၊ ပီကေး၊ အင်နီယေစတာ၊ ကာဇိုလာ၊ ဒေးဗစ်ဆေးလ်ဗား၊ ဘတ်ကွက်စ်၊ ဒေးဗစ်ဗီလာနှင့် ဖာနန်ဒိုလော်ရင်တီတို့ဖြင့် လူစုံခဲ့သည်။



**ဂျာမနီအတွက် အဖွင့်ဂိုးကို ကလိုဆေးက ဤကဲ့သို့ ခေါင်းတိုက်သွင်းယူခဲ့သည်။**
*(ဓာတ်ပုံ-အင်တာနက်)*

စပိန်အတွက် ဂိုးများကို ပွဲချိန် ၄၇ မိနစ်နှင့် ၅၆ မိနစ်တို့တွင် ဖာနန်ဒိုလော်ရင်တီနှင့် ပွဲချိန် ၇၉ မိနစ်တွင် ဒေးဗစ်ဆေးလ်ဗားတို့က သွင်းယူပေးခဲ့သည်။ လစ်သူယေးနီးယားအတွက် တစ်လုံးတည်းသောချေပဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ဆာနက်စ်က သွင်းယူပေးခဲ့သည်။

**အခြားပွဲစဉ် ရလဒ်များ**

| | | | | |
|---|---|---|---|---|
| ကာဇက်စတန် | ၀ | - | ၂ | ဘယ်လ်ဂျီယံ |
| ဩစတြေးလျ | ၃ | - | ၀ | အဇာဘိုင်ဂျန် |
| အာမေးနီးယား | ၃ | - | ၁ | ဆလိုဗက်ကီးယား |
| အင်ဒိုရာ | ၀ | - | ၂ | မက်ဆီဒိုးနီးယား |
| မြောက်အိုင်ယာလန် | ၀ | - | ၀ | အီတလီ |
| ဟန်ဂေရီ | ၈ | - | ၀ | ဆန်မာရီနို |

# ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် အောက်တိုဘာ ၉

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယမန်နေ့ညသန်းခေါင်ယံအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ် ကမ်းခြေဒေသများမှကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**အောက်တိုဘာ ၁၀ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး Ruby Mart (ရန်ကုန်) ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

**ကမန်အမျိုးသားတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်ဝင်း၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄) တွင် ဖော်ပြထားပါသည်။**

ရန်ကုန် အောက်တိုဘာ ၉

**မြဝတီထရေးဒင်းလီမိတက်နှင့် အာရှလှိုင်းကျော်မိသားစုထရေးဒင်းကုမ္ပဏီလီမိတက်၊ ခေတ်သစ်ဦး ထရေးဒင်း ကုမ္ပဏီလီမိတက်၊ ငွေစကားဝါ ထရေးဒင်း ကုမ္ပဏီလီမိတက်တို့ အကျိုးတူဖက်စပ်ဖွင့်လှစ်သည့် Ruby Mart (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ Ruby Mart (ရန်ကုန်)၏ ဗိုလ်ချုပ်အောင်ဆန်းလမ်းဘက် မျက်နှာစာဥ္ဈကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး တက်ရောက်ချီးမြှင့်ပြီး Ruby Mart (ရန်ကုန်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်း၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးမြင့်အောင်၊ မြဝတီထရေးဒင်းလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မင်းနှင့် Ruby Mart (ရန်ကုန်)မှ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းတို့က Ruby Mart (ရန်ကုန်) မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက Ruby Mart (ရန်ကုန်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❁**



## ဒုဋ္ဌဝတီ မြစ်ရေ အခြေအနေ

နေပြည်တော် အောက်တိုဘာ ၉

**ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၂၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

## ကြည့်ရှုအားပေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး Ruby Mart (ရန်ကုန်)အတွင်း ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)